ရွှေကြက်ဓမ္မဒေသနာအရ

ဧကျော့ဦးတော်ရှင် ဘဒ္ဒမဟာပဏ္ဍိတ

# မိုးကုတ်ဆရာတော်ဘုရားကြီး

၏

ဥာဏ်သဿသအတိုင်း

ပရိတ္တာရာမကျောင်းတိုက်ဆရာတော်

## ဦးဇနိတာလင်္ကာရ

ဟောကြားအပ်သော

ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာ

# အာဂေဝ်းနှင့်အာဂေဖြ

အကျဉ်းချုပ်

http://www.dhammadownload.com

# စိတ္တာနုပဿနာ ရှုနည်း

| | | |
|---|---|---|
| ၁။ | မြင်စိတ် | အပြင်ဧည့်သည် ၅ - ယောက် |
| ၂။ | ကြားစိတ် | |
| ၃။ | နံစိတ် | |
| ၄။ | စားစိတ် | |
| ၅။ | ယားနာကောင်းစိတ် | |

| | | |
|---|---|---|
| ၁။ | လောဘစိတ် | အတွင်းဧည့်သည် ၆ - ယောက် |
| ၂။ | ဒေါသစိတ် | |
| ၃။ | မောဟစိတ် | |
| ၄။ | အလောဘစိတ် | |
| ၅။ | အဒေါသစိတ် | |
| ၆။ | တွေးစိတ်-တောစိတ် | |


| | | |
|---|---|---|
| ၁။ | လေကိုထုတ်သောစိတ် | အိမ်သည်စိတ် ၂ - ခု |
| ၂။ | လေကိုသွင်းသောစိတ် | |

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ၊
သမ္မာသတိ၊ သမ္မာသမာဓိ၊
ငါး(၅)ခုသည် ရှုတတ်သောတရားများဖြစ်၏။
ရှုပုံနည်းစနစ်မှာ အိမ်သည်ကိုအမြဲထား၍ ဖြစ်ပျက်ရှုပါ၊
အိမ်သည်မရှိပါက အပြင်ဧည့်သည်၊ အတွင်းဧည့်သည်
ပေါ်ရာကိုရှုပါ။
ဧည့်သည်မရှိပါက အိမ်သည်ကိုအမြဲရှုပါ။

http://www.dhammadownload.com

# ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂ပါး၊ ထင်ရှားပေါ်လွင်တတ်အစဉ်၊

အမရပူရမြို့၊ မဂ်လာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော်ဦးဝိမလ၏
ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း၊ ကြည့်ရှုစရာ စက်ဝိုင်းဒေသနာ။




အဝိဇ္ဇာနှင့်၊ တဏှာအရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်-ရုပ်နာမ်ပေါ်။ အပင်မှမျိုး၊ မျိုးမှအပင်၊ အမြင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင်းနာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန် ဖြစ်ပြန်နည်းအလျှော်။ ဖြဟ္မာ သိကြား၊ စသည်များက၊ ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှု၍မြော်။


(လက်ကာဆောင်ပုဒ်) မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတဆယ့်နှစ်ပါး၊ တရားကိုယ် များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

http://www.dhammadownload.com

# ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂ ပါး၊ ထင်ရှားပေါ်လွင် ဓာတ်အစဉ်

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏

ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ၊




အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်–ရုပ်နာမ်ပေါ်၊ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန် ဖြစ်ပြန်နည်းအလျော်၊ ဖြဟ္မာ–သိကြား စသည်များက၊ ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များရွာ၊ သတ္တဝါတို့ ဖြစ်လာရမှု၊ မဟုတ်ဟု ဉာဏ်ဖြင့်ရှုမျှော်၊

(လက်ဆောင်ပုဒ်) မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့် ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို အလွတ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း၊

http://www.dhammadownload.com

ဗုဒ္ဓမြတ်စွာ ဒေသနာအရ
ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
**မိုးကုတ်ဆရာတော်ဘုရားကြီး၏**
ဥပနိဿယအတိုင်း

**ဇနိတာရာမကျောင်းတိုက် ဆရာတော်**

## ဦးဇနိတာလင်္ကာရ

**ဟောကြားအပ်သော**

# ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာ

## အမေးနှင့် အဖြေ

## အကျဉ်းချုပ်

ဇနိတာရာမကျောင်းတိုက်
ဆရာစံရပ်ကွက်၊ ဥတ္တလစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
**(စတုတ္ထအကြိမ်)**

http://www.dhammadownload.com

မျက်နှာဖုံးခွင့်ပြုချက် အမှတ် ( ၁၆၆ / ၉၁ ) (၁၂)
စာမူ ခွင့်ပြုချက်အမှတ် ( ၇၇၃ / ၉၁ ) (၁၂)

စတုတ္ထအကြိမ်
၁၉၉၁ ဒီဇင်ဘာလ
အုပ်ရေ ၂၀၀၀
ပန်းချီ ဦးစံတိုး
မျက်နှာဖုံးရိုက် ရွှေထီး
**တန်ဖိုး – ၂၀ ကျပ်**

**ထုတ်ဝေသူ** – ဦးနေဝင်း (၀၁၄၁၁)
**နေရီရီ စာအုပ်တိုက်**
၂/က၊ အောင်ရတနာလမ်း၊
လမ်းမတော်၊ ရန်ကုန်။
**ပုံနှိပ်သူ** – ဒေါ်ခင်ရီ (မြ–၀၂၅၀၅)
**နေရီရီ ပုံနှိပ်တိုက်**
၂/က၊ အောင်ရတနာလမ်း၊
လမ်းမတော်၊ ရန်ကုန်။
(ဖုန်း – ၂၁၄၃၅)
**မျက်နှာဖုံး** – ဒေါ်တင်အေး (မြ–၀၂၈၄၁)
**ရွှေထီး ပုံနှိပ်တိုက်**
၁၈၄၊ ရွှေဂုံတိုင်လမ်း၊
ဗဟန်း၊ ရန်ကုန်။

http://www.dhammadownload.com

# နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
# နိဒါန်း

ဘုရားရှင်များ၏ သာသနာတော် မြတ်ကြီးမှာအရေးကြီးသောတရားကိုပြော ပါဆိုရင် ပဋိစ္စသမုပ္ပါဒ် တရားကို ပြောရမှာဖြစ်ပါသည်။ အကြောင်းကို ဆိုရပါမူ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ကိုယ်တိုင်ပင်လျှင် ဘုရားမဖြစ်မီ ဘုရား လောင်း ဘဝမှာဤပဋိစ္စသမုပ္ပါဒ် တရားတော်ကြီးကို အဆုံးကနေ အစရောက်အောင် ဆင်ခြင်တော် မူပါသည်။ တစ်ဖန် အစကနေ အဆုံးရောက်အောင် ဆင်ခြင်တော် မူပါသည်။ ဤကဲ့သို့ ပဋိစ္စသမုပ္ပါဒ် ဒေသနာကို အစကအဆုံး၊ အဆုံးက အစ ပြန်ရောက်အောင် ဆင်ခြင် သုံးသပ်တော်မူသောအခါ နံနက်မိုးသောက်ယံ၌ အာသဝေါတရား လေးပါးကုန်ခန်းတော်မူပြီးလျှင် သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရရှိတော်မူပြီးသောအခါ လောကသုံးပါးဝယ် အမြတ်ဆုံး ဘုရားရှင်အဖြစ်သို့ရောက် တော်မူခဲ့ပါသည်။

သို့အတွက် ဘုရားရှင်အဖြစ်သို့ ဘာကြောင့် ရောက်ပါသလဲ။မေးမြန်းခဲ့ပါရင် ပဋိစ္စသမုပ္ပါဒ် ဖြစ်ကြောင်းနှင့်ချုပ်ကြောင်းသိလို့ဘုရားဖြစ်ခဲ့ပါတယ်ဟူ၍ ဖြေရုံမှတစ် ပါး အခြားအဖြေ ပေးစရာ မရှိတော့ပါ။

ထို့ကြောင့် ယောဂီအပေါင်း သူတော်ကောင်းတို့မှာလဲ မဂ်ဖိုလ်နိဗ္ဗာန်ကို ရအောင် အားထုတ်နေကြသော ယောဂီများ ဖြစ်ကြပါသဖြင့် ပဋိစ္စသမုပ္ပါဒ် တရားတော်ကို မသိရင်၊ သစ္စာလည်း မသိနိုင်ပါ။ သစ္စာမှမသိရင် မည်သူမျှ ဒိဋ္ဌိမကွာနိုင်ပါ။ ဒိဋ္ဌိကိုမှအသိဉာဏ်အားဖြင့်လဲ မခွာ၊ အပွားဉာဏ် အားဖြင့်လဲမခွာ၊ အပါယ်ဉာဏ် အားဖြင့်လဲ မခွာနိုင်ပါရင် သောတာပန်မျှတောင်မှ မဖြစ်နိုင်တော့ပါ။

သို့အတွက် သောတာပန် ဖြစ်ချင်ပါတယ်ဆိုရင် ဒိဋ္ဌိကို အသိဉာဏ်အား ဖြင့် အလျှင်ခွာကြရမှာ ဖြစ်ပါသည်။ ဒိဋ္ဌိကို အသိဉာဏ် အားဖြင့် ခွာနိုင်ဖို့ရန်

(စတုတ္ထအကြိမ်)

http://www.dhammadownload.com

ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်ကို ခန္ဓာဉာဏ်ရောက် သဘောပေါက်ထားဖို့ လိုပါသည်။

ဤကဲ့သို့ ပဋ္ဌိစ္စသမုပ္ပါဒ်ကို သဘောပေါက်ထားပါလျှင် ဒိဋ္ဌိတည်းဟူသော ငရဲမျိုးစေ့ အပါယ်လေးပါး မျိုးစေ့များသည် ဆိတ်သုဉ်းကွယ်ပျောက်သွားပါသဖြင့် ငရဲပင် အပါယ်ပင်များ ဘယ်တော့မှ ပြန်ပြီးမပေါက်နိုင်တော့ပါ။

သို့အတွက် အပါယ်လေးပါးကို မရောက်လို ကြောက်ကြသော၊ အပါယ်တံခါး ပိတ်လိုကြသော ယောဂီတိုင်းသည် ဤပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်ကြီးကို ပထမရ အောင် ကျက်တော်မူကြ၍၊ ဒုတိယ မှတ်မိအောင် မှတ်သားထားပြီးလျှင် တတိယအနေအားဖြင့် ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် သုံးသပ်ဆင်ခြင် ပွားများအားထုတ်ကြပါလျှင် အန္ဓပုထုဇဉ်၊ ကလျာဏပုထုဇဉ်အဖြစ်သို့ရောက်၍ ကလျာဏပုထုဇဉ်မှ စူဠသောတာပန်အဖြစ်သို့ ရောက်လျက် စူဠသောတာပန် အဖြစ်မှ မဟာသောတာပန် အဖြစ်သို့ တက်လှမ်းနိုင်ကြပြီးလျှင် မြတ်ဗုဒ္ဓစံတော်မူရာဖြစ်သော ခေမာကြငှာန်း နိဗ္ဗာန်နန်းသို့ လန်းဆန်းမသွေ ရောက်ရှိကြမှာ အမှန်ဖြစ်ပါပေသည်။

သို့ပါ၍ သာသနာတော်မြတ်ကြီးအတွင်း အရေးပါ အရာရောက်ဆုံးဖြစ်သော ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို တရားအားထုတ်ခါစဖြစ်သော ယောဂီ အသစ်များအတွက် သဘောပေါက်စေရန် အမေးနှင့် အဖြေများကို ရေးသား လိုက်ပါသည်။

အားလုံးသော ယောဂီအပေါင်း သူတော်ကောင်းတို့သည် ခန္ဓာဉာဏ်ရောက် သဘောပေါက်လျက် အမြင်မှန်တွေ ရရှိကြပြီးလျှင် အမတခေါ်သော မသေရာမှန် မြတ်နိဗ္ဗာန်သို့ ကေန်မသွေ ရောက်ရှိနိုင်ကြပါစေဟု ဆုတောင်းပတ္တနာပြုလိုက် ရပါကြောင်း။

**ဆရာတော် ဦးဇနိတာလင်္ကာရ**

**၁၉၈၇ ခုနှစ်၊ ဇူလိုင်လ (၉) ရက်။**

http://www.dhammadownload.com

ဗုဒ္ဓမြတ်စွာ ဒေသနာအရ
ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
**မိုးကုတ်ဆရာတော်ဘုရားကြီး၏**
ဥပနိဿယအတိုင်း

**ဇနိတာရာမကျောင်းတိုက် ဆရာတော်**
# ဦးဇနိတာလင်္ကာရ
**ဟောကြားအပ်သော**

# ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာ
## အမေးနှင့် အဖြေ
## အကျဉ်းချုပ်

ဇနိတာရာမကျောင်းတိုက်
ဆရာစံရပ်ကွက်၊ ဝဍ္ဍလစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
**(စတုတ္ထအကြိမ်)**

http://www.dhammadownload.com

မျက်နှာဖုံးခွင့်ပြုချက် အမှတ် ( ၁၆၆ / ၉၁ ) (၁၂)
စာမူ ခွင့်ပြုချက်အမှတ် ( ၇၇၃ / ၉၁ ) (၁၂)

စတုတ္ထအကြိမ်
၁၉၉၁ ဒီဇင်ဘာလ
အုပ်ရေ ၂၀၀၀
ပန်းချီ ဦးစံတိုး
မျက်နှာဖုံးရိုက် ရွှေထီး
**တန်ဖိုး – ၂၀ ကျပ်**

**ထုတ်ဝေသူ** – ဦးနေဝင်း (၀၁၄၁၁)
**နေရီရီ စာအုပ်တိုက်**
၂/က၊ အောင်ရတနာလမ်း၊
လမ်းမတော်၊ ရန်ကုန်။

**ပုံနှိပ်သူ** – ဒေါ်ခင်ရီ (မြ–၀၂၅၀၅)
**နေရီရီ ပုံနှိပ်တိုက်**
၂/က၊ အောင်ရတနာလမ်း၊
လမ်းမတော်၊ ရန်ကုန်။
(ဖုန်း – ၂၁၄၃၅)

**မျက်နှာဖုံး** – ဒေါ်တင်အေး (မြ–၀၂၈၄၁)
**ရွှေထီး ပုံနှိပ်တိုက်**
၁၈၄၊ ရွှေဂုံတိုင်လမ်း၊
ဗဟန်း၊ ရန်ကုန်။

http://www.dhammadownload.com

# နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
# နိဒါန်း

ဘုရားရှင်များ၏ သာသနာတော် မြတ်ကြီးမှာအရေးကြီးသောတရားကိုပြော ပါဆိုရင် ပဋိစ္စသမုပ္ပါဒ် တရားကို ပြောရမှာဖြစ်ပါသည်။ အကြောင်းကို ဆိုရပါမူ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ကိုယ်တိုင်ပင်လျှင် ဘုရားမဖြစ်မီ ဘုရား လောင်း ဘဝမှာဤပဋိစ္စသမုပ္ပါဒ် တရားတော်ကြီးကို အဆုံးကနေ အစရောက်အောင် ဆင်ခြင်တော် မူပါသည်။ တစ်ဖန် အစကနေ အဆုံးရောက်အောင် ဆင်ခြင်တော် မူပါသည်။ ဤကဲ့သို့ ပဋိစ္စသမုပ္ပါဒ် ဒေသနာကို အစကအဆုံး၊ အဆုံးက အစ ပြန်ရောက်အောင် ဆင်ခြင် သုံးသပ်တော်မူသောအခါ နံနက်မိုးသောက်ယံ၌ အာသဝေါတရား လေးပါးကုန်ခန်းတော်မူပြီးလျှင် သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရရှိတော်မူပြီးသောအခါ လောကသုံးပါးဝယ် အမြတ်ဆုံး ဘုရားရှင်အဖြစ်သို့ရောက် တော်မူခဲ့ပါသည်။

သို့အတွက် ဘုရားရှင်အဖြစ်သို့ ဘာကြောင့် ရောက်ပါသလဲ။မေးမြန်းခဲ့ပါရင် ပဋိစ္စသမုပ္ပါဒ် ဖြစ်ကြောင်းနှင့်ချုပ်ကြောင်းသိလို့ဘုရားဖြစ်ခဲ့ပါတယ်ဟူ၍ ဖြေရုံမှတစ် ပါး အခြားအဖြေ ပေးစရာ မရှိတော့ပါ။

ထို့ကြောင့် ယောဂီအပေါင်း သူတော်ကောင်းတို့မှာလဲ မဂ်ဖိုလ်နိဗ္ဗာန်ကို ရအောင် အားထုတ်နေကြသော ယောဂီများ ဖြစ်ကြပါသဖြင့် ပဋိစ္စသမုပ္ပါဒ် တရားတော်ကို မသိရင်၊ သစ္စာလည်း မသိနိုင်ပါ။ သစ္စာမှမသိရင် မည်သူမျှ ဒိဋ္ဌိမကွာနိုင်ပါ။ ဒိဋ္ဌိကိုမှအသိဉာဏ်အားဖြင့်လဲ မခွာ၊ အပွားဉာဏ် အားဖြင့်လဲမခွာ၊ အပါယ်ဉာဏ် အားဖြင့်လဲ မခွာနိုင်ပါရင် သောတာပန်မျှတောင်မှ မဖြစ်နိုင်တော့ပါ။

သို့အတွက် သောတာပန် ဖြစ်ချင်ပါတယ်ဆိုရင် ဒိဋ္ဌိကို အသိဉာဏ်အား ဖြင့် အလျင်ခွာကြရမှာ ဖြစ်ပါသည်။ ဒိဋ္ဌိကို အသိဉာဏ် အားဖြင့် ခွာနိုင်ဖို့ရန်

(စတုတ္ထအကြိမ်)

http://www.dhammadownload.com

ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်ကို ခန္ဓာဉာဏ်ရောက် သဘောပေါက်ထားဖို့ လိုပါသည်။

ဤကဲ့သို့ ပဋ္ဌိစ္စသမုပ္ပါဒ်ကို သဘောပေါက်ထားပါလျှင် ဒိဋ္ဌိတည်းဟူသော ငရဲမျိုးစေ့ အပါယ်လေးပါး မျိုးစေ့များသည် ဆိတ်သုဉ်းကွယ်ပျောက်သွားပါသဖြင့် ငရဲပင် အပါယ်ပင်များ ဘယ်တော့မှ ပြန်ပြီးမပေါက်နိုင်တော့ပါ။

သို့အတွက် အပါယ်လေးပါးကို မရောက်လို ကြကုန်သော၊ အပါယ်တံခါး ပိတ်လိုကြသော ယောဂီတိုင်းသည် ဤပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်ကြီးကို ပထမရအောင် ကျက်တော်မူကြ၍၊ ဒုတိယ မှတ်မိအောင် မှတ်သားထားပြီးလျှင် တတိယအနေအားဖြင့် ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် သုံးသပ်ဆင်ခြင်ပွားများအားထုတ်ကြပါလျှင် အန္ဓပုထုဇဉ်၊ ကလျာဏပုထုဇဉ်အဖြစ်သို့ရောက်၍ ကလျာဏပုထုဇဉ်မှ စူဠသောတာပန်အဖြစ်သို့ ရောက်လျက် စူဠသောတာပန် အဖြစ်မှ မဟာသောတာပန် အဖြစ်သို့ တက်လှမ်းနိုင်ကြပြီးလျှင် မြတ်ဗုဒ္ဓစံတော်မူရာဖြစ်သော ခေမာကြငှာန်း နိဗ္ဗာန်နန်းသို့ လန်းဆန်းမသွေ ရောက်ရှိကြမှာ အမှန်ဖြစ်ပါပေသည်။

သို့ပါ၍ သာသနာတော်မြတ်ကြီးအတွင်း အရေးပါ အရာရောက်ဆုံးဖြစ်သော ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို တရားအားထုတ်ခါစဖြစ်သော ယောဂီအသစ်များအတွက် သဘောပေါက်စေရန် အမေးနှင့် အဖြေများကို ရေးသားလိုက်ပါသည်။

အားလုံးသော ယောဂီအပေါင်း သူတော်ကောင်းတို့သည် ခန္ဓာဉာဏ်ရောက် သဘောပေါက်လျက် အမြင်မှန်တွေ ရရှိကြပြီးလျှင် အမတခေါ်သော မသေရာမှန် မြတ်နိဗ္ဗာန်သို့ ကေန်မသွေ ရောက်ရှိနိုင်ကြပါစေဟု ဆုတောင်းပတ္ထနာပြုလိုက်ရပါကြောင်း။

**ဆရာတော် ဦးဇနိတာလင်္ကာရ**
**၁၉၈၇ ခုနှစ်၊ ဇူလိုင်လ (၉) ရက်။**

http://www.dhammadownload.com

# ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာ
# အမေးနှင့်အဖြေ

**မေး။** ။ ပဋိစ္စသမုပ္ပါဒ် တရားကို အလွယ်တကူ နားလည် သဘောပေါက်ကြစေရန် လင်္ကာ ဆောင်ပုဒ်များကို ဆိုပြပါ။

## (၁) နံပါတ်လင်္ကာမှာ

**ဖြေ။** ။ အဝိဇ္ဇာနှင့် တဏှာရင်းခံ ဉပါဒါန်ကံကြောင့် ရုပ်နာမ်ပေါ် အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ် ဆက်စပ်သည့်ဟန်၊ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန်၊ ဖြစ်ပြန်နည်းအလျော်၊ ဗြဟ္မာသိကြား စသည်များက ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု ဉာဏ် ဖြင့် ရှုဍ်မျှော်–

## (၂) နံပါတ်လင်္ကာ

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလ္လာ၊ အင်္ဂါ တစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များ နှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊ ကာယသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤ ရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်းတို့ ဖြစ်ပါသည်။

**မေး။** ။ (၁) နံပါတ်လင်္ကာကို အကျဉ်းချုပ်အားဖြင့် ရှင်းပြပါ။

**ဖြေ။** ။ လူနတ်ဗြဟ္မာ၊ သတ္တဝါများသည် မသိမှုအဝိဇ္ဇာ အကြောင်းခံကြပြီးလျှင် လိုချင်မှုတဏှာ၊ စွဲလမ်းမှုဉပါဒါန်၊ ပြုလုပ် အားထုတ်မှုကံ ဆိုတဲ့ အကြောင်းတရား ငါးပါးကို ကြိုးစားခဲ့မိကြသောကြောင့် ရုပ်နာမ် နှစ်ပါးဖြစ်ပေါ် ရရှိကြရပါသည်။

http://www.dhammadownload.com



ဥပမာအားဖြင့် ပြောရပါလျှင် အပင်အမျိုးမျိုးမှ မျိုးစေ့ အသွယ်သွယ် ကျရောက်ပေါက်ပွားလာကြသောအခါ၊ ၎င်းမျိုးစေ့ အသွယ်သွယ်မှ အပင်အမျိုးမျိုးကို တစ်ဖန်ပေါက်ရောက်စေကြပြန်သဖြင့် အပင်နှစ်မျိုး၊ မျိုးနှင့်အပင်များဟာ အမျှင်မပြတ်၊ တရစပ် ဆက်ခါဆက်ခါ ပေါက်ရောက် စည်ကား ကြီးပွားနေကြသလို-

ထို့အတူသာလျှင် ကံဆိုသော အကြောင်းတရားကြောင့် နာမ်ရုပ်တွေ ဖြစ်လိုက်ကြ၊ နာမ်ရုပ်ပေါ်မှာ ဖြစ်ပျက်မမြင်သောကြောင့် ကံဆိုသော အကြောင်းတရားတွေပြန်ကြိုးစားလိုက်ကြနှင့် သုံးဆယ့်တစ်ဘုံဆိုသော သံသရာကြီးထဲမှာ ကံနှင့်နာမ်ရုပ်တွေဟာ အမျှင်မပြတ် ဆက်ခါဆက်ခါ ဖြစ်ပွားလျက် နေကြပါသည်။

လူနတ်ဗြဟ္မာ သတ္တဝါတွေ သုံးဆယ့်တစ်ဘုံမှာ ဖြစ်ကြရတာဟာ သိကြားဗြဟ္မာထာဝရဘုရား စသည်များက ဖန်ဆင်းလို့ ဖြစ်ကြရတာ မဟုတ်ပါဘူး၊ အကြောင်းကမ္မ တရားတွေကြောင့် အကျိုးဝိပါက တရားတွေ ဖြစ်ပေါ်လာရတာပဲဟု ဉာဏ်ဖြင့်သိကြရမည် ဆိုလိုပါသည်။

မေး။ ။ (၂) နံပါတ်လက်ဘ်ပါ မူလနှစ်ဖြာဆိုတာ ဘာကိုဆိုလိုသလဲ။
ဖြေ။ ။ မူလနှစ်ဖြာဆိုတာ အဝိဇ္ဇာနှင့်တဏှာကို ဆိုပါသည်။
မေး။ ။ အဝိဇ္ဇာဆိုတာ အဘယ်အကြောင်း မူလဖြစ်ပါသလဲ။
ဖြေ။ ။ အဝိဇ္ဇာဆိုတာ အတိတ်အကြောင်း မူလဖြစ်ပါသည်။
မေး။ ။ အတိတ်အကြောင်းမူလသည် ဘယ်ခန္ဓာကို ဖြစ်စေပါသလဲ။
ဖြေ။ ။ အတိတ်အကြောင်းမူလအဝိဇ္ဇာသည် ပစ္စုပ္ပန်ခန္ဓာကို ဖြစ်စေပါသည်။
မေး။ ။ အတိတ်အကြောင်း မူလအဝိဇ္ဇာရဲ့ သဘောကို ပြောပြပါ။
ဖြေ။ ။ သစ္စာလေးပါးမသိမှုကို အဝိဇ္ဇာဟု ခေါ်ပါသည်။
မေး။ ။ အဝိဇ္ဇာရဲ့ မသိပုံကို ခွဲခြမ်းစိတ်ဖြာပြီး ပြောပြပါ။
ဖြေ။ ။ ဆင်းရဲကျိုးအမှန်ဖြစ်သော ဒုက္ခသစ္စာကို မသိတာ အဝိဇ္ဇာပါ။

ဆင်းရဲကြောင်းအမှန် သမုဒယသစ္စာကို မသိတာ အဝိဇ္ဇာပါ။

ဆင်းရဲချုပ်ရာအမှန် နိရောဓသစ္စာကို မသိတာ အဝိဇ္ဇာပါ။

ဆင်းရဲချုပ်ကြောင်း အကျင့်မှန်ဖြစ်သော မဂ္ဂသစ္စာကို မသိတာကိုလဲ အဝိဇ္ဇာဟု ခေါ်ပါသည်။

တစ်နည်းအားဖြင့် ဖြေကြားရမယ်ဆိုရင်-

http://www.dhammadownload.com



သံသရာရဲ့ ရှေ့အစွန်းကို မသိတာ အဝိဇ္ဇာပါ။

သံသရာရဲ့ နောက်အစွန်းကို မသိတာ အဝိဇ္ဇာပါ။

သံသရာရဲ့ ရှေ့အစွန်းနောက်အစွန်းနှစ်ပါးစုံကို မသိတာလဲအဝိဇ္ဇာပါ။ ပဋိစ္စသမုပ္ပါဒ် ဖြစ်ကြောင်း ချုပ်ကြောင်းကို မသိတာလဲ အဝိဇ္ဇာဟု ခေါ်ပါသည်။

**(မှတ်ချက်)** သံသရာရဲ့ ရှေးအစွန်းဆိုတာသည် ရှေးအတိတ်ကာလက ဖြစ်ခဲ့သော ခန္ဓာ၊ အာယတန၊ ဓာတ်တို့ကို ဆိုသည်ဟု မှတ်ပါ။

နောက်အစွန်း ဆိုတာသည် နောင်အနာဂတ်မှာ ဖြစ်ရမည့် ခန္ဓာ၊ အာယတန၊ ဓာတ် တို့ကို ဆိုသည်။

## အဝိဇ္ဇာ

မေး။ ။ အဝိဇ္ဇာရဲ့ တရားကိုယ်ကို ကောက်ပြပါ။

ဖြေ။ ။ မောဟကို ကောက်ရပါသည်။

မေး။ ။ အဝိဇ္ဇာကို ပေါင်းရင် သံသရာရှည်မှာလား၊ တိုမှာလား။

ဖြေ။ ။ သံသရာရှည်မှာ ဖြစ်ပါသည်။

မေး။ ။ လူနတ်ဗြဟ္မာ သတ္တဝါတွေကို အဘယ်တရားက ဖုံးကွယ်ထားပါသလဲ။

ဖြေ။ ။ အဝိဇ္ဇာဆိုသော တရားက ဖုံးကွယ်ထားပါသည်။

မေး။ ။ သုံးဆယ့်တစ်ဘုံမှာ ဖြစ်သော ဆင်းရဲမှုန်သမျှ အဘယ်တရားကြောင့် ဖြစ်ကြရပါ သနည်း။

ဖြေ။ ။ အဝိဇ္ဇာကြောင့် ဖြစ်ကြရပါသည်။

မေး။ ။ ဒုဂ္ဂတိဘဝရကြောင်း ကံအပေါင်းတို့တွင် ထူးသော အကြောင်းတရားက အဘယ် တရား ဖြစ်ပါသလဲ။

ဖြေ။ ။ အဝိဇ္ဇာတရား ဖြစ်ပါသည်။

မေး။ ။ ဒုက္ခခပ်သိမ်း ကင်းငြိမ်းချင်ရင် အဘယ်တရားကို ပယ်သတ်ရမှာလဲ။

ဖြေ။ ။ အဝိဇ္ဇာကို ပယ်သတ်ရပါမည်။

မေး။ ။ အဝိဇ္ဇာကို အဘယ်ကဲ့သို့ ပယ်သတ်ရမှာလဲ။

ဖြေ။ ။ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးရဲ့ အပေါ်မှာ ဖြစ်ပျက် မြင်အောင်ရှု၍ ပယ်သတ်ရပါ မည်။

http://www.dhammadownload.com



## တဏှာ

မေး။ ။ တဏှာဆိုတာ အဘယ်အကြောင်း မူလ ဖြစ်ပါသလဲ။
ဖြေ။ ။ တဏှာဆိုတာ ပစ္စုပ္ပန်အကြောင်း မူလ ဖြစ်ပါသည်။
မေး။ ။ ပစ္စုပ္ပန်အကြောင်း မူလ တဏှာသည် အဘယ်ခန္ဓာကို ဖြစ်စေပါသလဲ။
ဖြေ။ ။ အနာဂတ်ခန္ဓာကို ဖြစ်စေပါသည်။
မေး။ ။ ပစ္စုပ္ပန်အကြောင်း မူလ တဏှာရဲ့ သဘောကို ပြောပြပါ။
ဖြေ။ ။ လိုချင်စုံမက် နှစ်သက်တွယ်တာ သာယာမြတ်နိုးမှုကို တဏှာဟု ခေါ်ပါသည်။
မေး။ ။ တဏှာရဲ့ လိုချင်စုံမက်ပုံကို ခွဲခြမ်းစိတ်ဖြာ၍ ပြောပြပါ။
ဖြေ။ ။ ငါးဖြာအာရုံ ကာမဂုဏ်တွေရဲ့ အပေါ်မှာ လိုချင်စုံမက်တာကိုလဲ တဏှာဟု ခေါ်ပါသည်။ (ကာမတဏှာ)

ငါးဖြာအာရုံ ကာမဂုဏ်တွေ ခိုင်တယ်မြဲတယ်ဟူ၍(သဿတဒိဋ္ဌိ) နှင့် ယှဉ်တွဲပြီး သာယာတာကိုလဲ တဏှာဟု ခေါ်ပါသည်။ (ဘဝတဏှာ)

ဘဝပြတ်သွားရင် ကောင်းမှာပဲဟူ၍(ဉာဏ်မပါမှု၍) ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်တွဲပြီး ဘဝပြတ်မှုကို အရမ်းသာယာတာကိုလဲ တဏှာဟု ခေါ်ပါသည်။ (ဝိဘဝတဏှာ)

မေး။ ။ တစ်နည်းအားဖြင့် တဏှာခြောက်ပါးကို ပြောပြပါ။
ဖြေ။ ။ အဆင်းမျိုးစုံ ရူပါရုံအပေါ်မှာ သာယာတာကို ရူပတဏှာ ခေါ်ပါသည်။

အသံမျိုးစုံ သဒ္ဒါရုံအပေါ်မှာ သာယာတာကို သဒ္ဒတဏှာ ခေါ်ပါသည်။ အနံ့မျိုးစုံ ဂန္ဓာရုံအပေါ်မှာ သာယာတာကို ဂန္ဓတဏှာ ခေါ်ပါသည်။

အရသာမျိုးစုံ ရသာရုံ အပေါ်မှာ သာယာတာကို ရသတဏှာ ခေါ်ပါသည်။

တွေ့ထိစရာအဖုံဖုံ ဖောဋ္ဌဗ္ဗာရုံတွေ အပေါ်မှာ သာယာတာကို ဖောဋ္ဌဗ္ဗတဏှာဟု ခေါ်ပါသည်။

ကြံတွေးစရာ အဖုံဖုံ ဓမ္မာရုံတွေရဲ့ အပေါ်မှာ သာယာတာကို ဓမ္မတဏှာဟု ခေါ်ပါသည်။

မေး။ ။ တစ်နည်းအားဖြင့် တဏှာအစစ် တစ်ရာ့ရှစ် ဖြစ်ပုံကို ရှင်းပြပါ။
ဖြေ။ ။ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ဆိုတဲ့ တဏှာသုံးပါးကို တည်ရပါမယ်။ ၎င်းတဏှာသုံးပါးကို ရူပါရုံ၊ သဒ္ဒါရုံ စသော အာရုံခြောက်ပါးနှင့် မြှောက်လိုက်ပါ

http://www.dhammadownload.com



က တစ်ဆယ့်ရှစ်ပါး ရပါသည်။

၎င်း တစ်ဆယ့်ရှစ်ပါးကို ကာလသုံးပါးဖြင့် မြှောက်ပြန်ပါက ၅၄ ပါး ရပါသည်။ ၎င်း ၅၄ ပါးကို အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်ဆိုတဲ့ သန္တာန်နှစ်ပါးဖြင့် မြှောက်ပြန်ပါက တဏှာအစစ် တစ်ရာ့ရှစ် ရရှိလာပါသည်။

ဆောင်ပုဒ်။ တဏှာသုံးတန်၊ တည်ထားခံ၊ အာ–ကာ–သန်နှင့်မြှောက်။
တဏှာအစစ်၊ တစ်ရာ့ရှစ်၊ ဖြစ်၏ထိုမျှလောက်။

မေး။ ။ တဏှာရဲ့ တရားကိုယ်ကို ကောက်ပြပါ။

ဖြေ။ ။ လောဘကို ကောက်ရပါသည်။

မေး။ ။ တဏှာကို ပေါင်းကြရင် သံသရာရှည်မှာလား တိုမှာလား။

ဖြေ။ ။ သံသရာရှည်မှာ ဖြစ်ပါသည်။

မေး။ ။ သုံးဆယ့်တစ်ဘုံမှာ ဖြစ်သော ဆင်းရဲမှုန်သမျှ အဘယ်တရားက ပေးပါသလဲ။

ဖြေ။ ။ တဏှာဆိုသော တရားကပေးတာ ဖြစ်ပါသည်။

မေး။ ။ ဒုက္ခတိရကြောင်း ကံအပေါင်းတို့တွင် ထူးသော အကြောင်းတရားက အဘယ်တရား ဖြစ်ပါသလဲ။

ဖြေ။ ။ တဏှာတရား ဖြစ်ပါသည်။

မေး။ ။ ဒုက္ခခပ်သိမ်း ကင်းငြိမ်းချင်ရင် အဘယ်တရားကို ပယ်သတ်ရမှာလဲ။

ဖြေ။ ။ တဏှာတရားကို ပယ်သတ်ရမှာ ဖြစ်ပါသည်။

မေး။ ။ တဏှာကို အဘယ်ကဲ့သို့ ပယ်သတ်ရမှာလဲ ပြောပြပါ။

ဖြေ။ ။ ဝေဒနာ သုံးပါး တစ်ပါးပါးရဲ့ အပေါ်မှာ ဖြစ်ပျက်မြင်အောင်ရှု၊ ဖြစ်ပျက်မုန်းအောင်ရှု၊ ဖြစ်ပျက်ဆုံးအောင်ရှု၍ ပယ်သတ်ရပါမည်။

မေး။ ။ မူလနှစ်ဖြာကို အဘယ်အသွယ်ဟု ခေါ်ရပါသလဲ။

ဖြေ။ ။ ပထမအသွယ်ဟု ခေါ်ပါသည်။

မေး။ ။ ပထမအသွယ်ကို သိရခြင်းရဲ့ အကျိုးတရားကို ဖော်ပြပါ။

ဖြေ။ ။ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ အသိဉာဏ်အားဖြင့် ပြုတ်ခြင်း အကျိုးရှိပါသည်။

မေး။ ။ ဒိဋ္ဌိသုံးမျိုး ပြုတ်ပုံကို ရှင်းပြပါ။

ဖြေ။ ။ မသိမှုဆိုတာ အဝိဇ္ဇာရဲ့ သဘောပဲ၊ လိုချင်မှုဆိုတာဟာ တဏှာရဲ့ သဘောပဲ၊ ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါက မသိတာမဟုတ်၊ လိုချင်တာမဟုတ်၊ အဝိဇ္ဇာ

http://www.dhammadownload.com



တဏှာ မူလ နှစ်ဖြာရဲ့ သဘောပဲဟု ဉာဏ်ထဲမှာ ရှင်းသွားသောကြောင့် သက္ကာယ ဒိဋ္ဌိလဲ ပြုတ်သွားပါသည်။

ဤမူလနှစ်ဖြာဟာလဲ အဘယ်မူလမှ မခိုင်မြဲဘူး။ အဝိဇ္ဇာလဲဖြစ်ပြီးရင် ပျက်ရမှာပဲ၊ တဏှာလဲ ဖြစ်ပြီးရင် ပျက်ရမှာပဲဟု အပျက်သဘောကို မြင်သောကြောင့်လဲ သဿတဒိဋ္ဌိ ပြုတ်ပြန်ပါသည်။

ဤမူလနှစ်ဖြာဟာ ပျက်ပင်ပျက်ကြသော်လဲ အစတုံး ပျောက်ပျက်ပြီး မသွားဘူး၊ အကြောင်းအားလျော်စွာ ပြန်ပြီး ဖြစ်ကြဦးမှာပဲဟု အဖြစ်သဘောကို မြင်သောကြောင့် လဲ ဥစ္ဆေဒဒိဋ္ဌိ ပြုတ်ပြန်ပါသည်။

မေး။ ။ သစ္စာနှစ်ခုကို ပြောပြပါ။

ဖြေ။ ။ သမုဒယသစ္စာ၊ ဒုက္ခသစ္စာ ဖြစ်ပါသည်။

မေး။ ။ မြတ်စွာဘုရားရှင်သည် သစ္စာလေးပါး ဟောခဲ့တယ် မဟုတ်လား။ အဘယ်ကြောင့် စက်ဝိုင်းထဲမှာ သစ္စာနှစ်ပါးသာ ပြထားပါသလဲ။

ဖြေ။ ။ သစ္စာလေးပါး ဟောခဲ့တာ မှန်ပါတယ်၊ သို့သော်လဲ စက်ဝိုင်းထဲမှာ သစ္စာနှစ်ပါး သာ ပြထားတာက သတ္တဝါတွေ သံသရာလည်ကြတဲ့ အခါမှာ၊ ဤဝဋ်သစ္စာနှစ်ပါးနှင့် သာ လည်နေတာကို သိစေလိုသောကြောင့် သစ္စာနှစ်ပါးသာ ပြထားပါသည်။

မေး။ ။ ဝိဝဋ္ဋသစ္စာခေါ်သော မဂ္ဂသစ္စာနှင့် နိရောဓသစ္စာကို အဘယ်အခါမှ ရကြမှာလဲ။

ဖြေ။ ။ တရား အားထုတ်ကြသောကြောင့် မဂ်ဉာဏ် ဖိုဉာဏ်တွေ ရသောအခါ ဤဝိဝဋ္ဋ သစ္စာကို ရကြမှာ ဖြစ်ပါသည်။

မေး။ ။ သမုဒယ သစ္စာကို ပွေ့ပိုက်ထားရမှာလား၊ ပယ်ရမှာလား။

ဖြေ။ ။ ပယ်ရမှာ ဖြစ်ပါသည်။

မေး။ ။ ဒုက္ခသစ္စာကို ဆုတောင်းရမှာလား၊ ပိုင်းခြား၍ ထားခဲ့ရမှာလား။

ဖြေ။ ။ ပိုင်းခြား၍ ထားခဲ့ရမှာ ဖြစ်ပါသည်။

မေး။ ။ သမုဒယသစ္စာသည် ဘာနှင့်တူပါသလဲ။

ဖြေ။ ။ မီးနှင့်တူပါသည်။

မေး။ ။ ဒုက္ခသစ္စာသည် ဘာနှင့်တူပါသလဲ။

ဖြေ။ ။ ထင်း(လောင်စာ)နှင့် တူပါသည်။

မေး။ ။ သမုဒယသစ္စာမီးနှင့် ဒုက္ခသစ္စာ လောင်စာ သိမ်းသွားတာကို ဘာဟု ခေါ်ပါသလဲ။

ဖြေ။ ။ နိဗ္ဗာန်ဟု ခေါ်ပါသည်။

http://www.dhammadownload.com



မေး။ ။ အကြောင်းကို ဘာသစ္စာဟု ခေါ်ပါသလဲ။

ဖြေ။ ။ သမုဒယသစ္စာဟု ခေါ်ပါသည်။

မေး။ ။ အကျိုးကို ဘာသစ္စာဟု ခေါ်ပါသလဲ။

ဖြေ။ ။ ဒုက္ခသစ္စာဟု ခေါ်ပါသည်။

မေး။ ။ အကြောင်းအကျိုး ဤနှစ်မျိုး ချုပ်ငြိမ်းရာကို ဘာသစ္စာဟု ခေါ်ပါသလဲ။

ဖြေ။ ။ နိရောဓသစ္စာဟု ခေါ်ပါသည်။

မေး။ ။ အကြောင်းအကျိုး ဤနှစ်မျိုး ချုပ်ကြောင်း အကျင့်ကို ဘာသစ္စာဟု ခေါ်ပါသလဲ။

ဖြေ။ ။ မဂ္ဂသစ္စာဟု ခေါ်ပါသည်။

မေး။ ။ မြတ်စွာဘုရားက သစ္စာလေးပါး ဟောကြားခဲ့သောကြောင့် လေးပါးစလုံး အကုန် လျှောက်ပြီး ကျင့်ကြံ ပွားများရမှာလား။

ဖြေ။ ။ မဟုတ်ပါ။ ယောဂီများက ဒုက္ခသစ္စာ တစ်မျိုးတည်းရဲ့ အပေါ်မှာ ပဋိဝေဓဉာဏ်နှင့် ဒုက္ခသစ္စာ အစစ်အမှန်သာ ဖြစ်ပါပေ၏ ဟူ၍ ပိုင်းခြား၍ သိလိုက်သည်နှင့် တစ်ပြိုင် နက် –

သမုဒယသစ္စာကိုလဲ ပယ်ပြီးသား ဖြစ်တော့၏။

နိရောဓ သစ္စာကိုလဲ မျက်မှောက်ပြုပြီးသား ဖြစ်တော့၏။

မဂ္ဂသစ္စာကိုလည်း ပွားများပြီးသား ဖြစ်တော့၏။

ဒါကြောင့်

သိ၊ ပါယ်၊ ဆိုက်၊ ပွား၊ လေးပါးအချက်၊ တစ်ပြိုင်နက်၊ မဂ်၏ကိစ္စတည်းဟု ကျမ်း ဂန်များက ဆိုထားပါသည်။

မေး။ ။ ထူးသောဉာဏ်ဖြင့် ပိုင်းခြားရမည့် တရားကို ပြောပြပါ။

ဖြေ။ ။ ဉပါဒါနက္ခန္ဓာ ငါးပါးဖြစ်ပါသည်။

မေး။ ။ ထူးသောဉာဏ်ဖြင့် ပယ်ရမည့် တရားကို ပြောပြပါ။

ဖြေ။ ။ အဝိဇ္ဇာနှင့် ဘဝတဏှာ ဖြစ်ပါသည်။

မေး။ ။ ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုရမည့် တရားကို ပြောပြပါ။

ဖြေ။ ။ ဝိဇ္ဇာနှင့် ဝိမုတ္တိ ဖြစ်ပါသည်။

မေး။ ။ ထူးသောဉာဏ်ဖြင့် ပွားများရမည့် တရားကို ပြောပြပါ။

ဖြေ။ ။ သမထနှင့် ဝိပဿနာ ဖြစ်ပါသည်။

http://www.dhammadownload.com



မေး။ ။ သစ္စာနှစ်ခုဆိုသော ဒုတိယအသွယ်ကို သိလိုက်သဖြင့် ဘာအကျိုး ရှိပါသလဲ။

ဖြေ။ ။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ဤနှစ်ဖြာ စင်ကြယ်စေခြင်း အကျိုးရှိပါသည်။

မေး။ ။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ စင်ကြယ်သွားပုံကို ရှင်းပြပါ။

ဖြေ။ ။ ယခုဘဝ ဒုက္ခသစ္စာ ခန္ဓာငါးပါးကြီး ရနေတာဟာ ရှေးအတိတ်ကာလက သမုဒယသစ္စာတွေ ကြိုးစားခဲ့ပါသောကြောင့် ရနေတာပဲလို့ ရှေးဖြစ်ကြောင်းကို သိလိုက်သဖြင့်လဲ ဝိစိကိစ္ဆာ စင်ကြယ်သွားပါသည်။ ယခုဘဝရနေတာတွေဟာလဲ၊ ယောက်ျား မိန်းမတွေ ရနေတာမဟုတ်၊ ဒုက္ခသစ္စာအစုအပုံကြီး ရနေတာပဲလို့ သိလိုက်သဖြင့်လဲ ဒိဋ္ဌိပြုတ်ပါသည်။

မေး။ ။ လေးခုအလွှာကို ပြောပြပါ။

ဖြေ။ ။ အတိတ်အကြောင်းတစ်လွှာ၊ ပစ္စုပ္ပန်အကျိုး တစ်လွှာ၊ ပစ္စုပ္ပန်အကြောင်းတစ်လွှာ၊ အနာဂတ်အကျိုးတစ်လွှာတို့ ဖြစ်ပါသည်။

မေး။ ။ အတိတ်အကြောင်း တစ်လွှာကို တရားကိုယ် ကောက်ပြပါ။

ဖြေ။ ။ အဝိဇ္ဇာနှင့် သင်္ခါရ ဖြစ်ပါသည်။

မေး။ ။ ပစ္စုပ္ပန် အကျိုးတစ်လွှာ တရားကိုယ် ကောက်ပြပါ။

ဖြေ။ ။ ဝိညာဏ် နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့ ဖြစ်ပါသည်။

မေး။ ။ ပစ္စုပ္ပန် အကြောင်းတစ်လွှာ တရားကိုယ် ကောက်ပြပါ။

ဖြေ။ ။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတို့ ဖြစ်ပါသည်။

မေး။ ။ အနာဂတ် အကျိုးတစ်လွှာ တရားကိုယ် ကောက်ပြပါ။

ဖြေ။ ။ ဇာတိနှင့် ဇရာမရဏတို့ ဖြစ်ပါသည်။

မေး။ ။ အတိတ်အကြောင်း တစ်လွှာသည် ဘာသစ္စာ ဖြစ်ပါသလဲ။

ဖြေ။ ။ သမုဒယသစ္စာ ဖြစ်ပါသည်။

မေး။ ။ ပစ္စုပ္ပန် အကျိုးတစ်လွှာ ဘာသစ္စာ ဖြစ်ပါသလဲ။

ဖြေ။ ။ ဒုက္ခသစ္စာ ဖြစ်ပါသည်။

မေး။ ။ ပစ္စုပ္ပန် အကြောင်းတစ်လွှာ ဘာသစ္စာဖြစ်ပါသလဲ။

ဖြေ။ ။ သမုဒယ ဖြစ်ပါသည်။

မေး။ ။ အနာဂတ် အကျိုးတစ်လွှာ ဘာသစ္စာ ဖြစ်ပါသလဲ။

ဖြေ။ ။ ဒုက္ခသစ္စာ ဖြစ်ပါသည်။

http://www.dhammadownload.com



မေး။ ။ အင်္ဂါ ၁၂ ပါးကို သေချာစွာ ရေပြပါ။

ဖြေ။ ။ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာမရဏတို့ ဖြစ်ပါသည်။

(မှတ်ချက်) ဇာတိက အင်္ဂါတစ်ပါး၊ ဇရာမရဏနှစ်ပါးတွဲက အင်္ဂါတစ်ပါးဟု ယူပါ။

မေး။ ။ အင်္ဂါ ၁၂ ပါးပြ၊ ပဋိစ္စသမုပ္ပါဒ် ဥဒ္ဒေသပါဠိတော်ကို ဆိုပြပါ။

ဖြေ။ ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပဒါနံ၊ ဥပါဒါန ပစ္စယာဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ၊ သောကပရိဒေဝ၊ ဒုက္ခဒေါမနဿုပါယာသာသမ္ဘဝန္တိ၊ ဧဝမေတဿ၊ ကေဝလဿ ဒုက္ခန္ဓဿသမုဒယော ဟောတိ ဖြစ်ပါသည်။

မေး။ ။ စက်ဝိုင်းဒေသနာတော်ကြီးမှာ အင်္ဂါ ၁၂ ပါးနှင့် အကွက် ၄ ကွက်တို့ သုဉ်တွဲဖော်ပြပါ။

ဖြေ။ ။ အဝိဇ္ဇာ သင်္ခါရ၊ အင်္ဂါနှစ်ပါးသည် (၁) အကွက်မှာ ပါပါသည်။ ဝိညာဏ်နာမ်ရုပ် သဠာယတန၊ ဖဿ၊ ဝေဒနာအင်္ဂါ ငါးပါးသည် (၂) အကွက်မှာပါပါသည်။
တဏှာ ဥပါဒါန် ကမ္မဘဝအင်္ဂါ သုံးပါးသည် (၃) အကွက်မှာ ပါပါသည်။
ဇာတိဇရာ မရဏ အင်္ဂါ နှစ်ပါးသည် (၄) အကွက်မှာ ပါပါသည်။

မေး။ ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာဟုဟောသော နေရာမှာ ပစ္စယာပုဒ်ရဲ့ သဘောကို ရှင်းပြပါ။

ဖြေ။ ။ ပစ္စယာဆိုသော ပုဒ်သည် နှစ်ဘက်ငဲ့ပါသည်။ အဝိဇ္ဇာကိုလဲ ငဲ့ပါသည်။ သင်္ခါရကိုလဲငဲ့ပါသည်။

ကျမ်းဂန်များ၌ ကာကောလောကနနည်းဆိုတာ ရှိပါသည်။ ကျီးတစ်ကောင်သည် အစာကိုလဲစား၊ ရန်သူကိုကြည့် ဆိုသလို နှစ်ဘက်ငဲ့ပါသည်။ ပစ္စယာအကြောင်းကြောင့် ဆိုသောသဘော ဖြစ်ပါသည်။

မေး။ ။ အဝိဇ္ဇာရဲ့ သဘောကို ထပ်ပြီးရှင်းပေးပါ။

ဖြေ။ ။ သိကောင်းတာ မသိ၊ မသိကောင်းတာ သိတာဟာ အဝိဇ္ဇာပါ။

မေး။ ။ သိကောင်းတာနှင့် မသိကောင်းတာကို ရှင်းပြပါ။

ဖြေ။ ။ အဝိဇ္ဇာရှိသော သူများသည် သိကောင်းသော မဂ်ဖိုလ် နိဗ္ဗာန်နှင့် ရောက်ကြောင်းအကျင့်ကို မသိကြ၍ မသိကောင်းသော 'ဝါ' ဆု မတောင်းကောင်းသော လူ့ပြည် နတ်ပြည် ကျတော့ သိပါသည်။

http://www.dhammadownload.com



**မေး။** ။ အဝိဇ္ဇာရှိသော (မသိသော) ပုဂ္ဂိုလ်များသည် ဘာတွေကို ပြုမိကြသလဲ။

**ဖြေ။** ။ သင်္ခါရ သုံးမျိုးကို ပြုမိကြပါသည်။

**မေး။** ။ သင်္ခါရသုံးမျိုးကို သရုပ်နှင့်တကွ သဘောကို ရှင်းပြပါ။

**ဖြေ။** ။ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ တို့ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရတို့ ဖြစ်ပါသည်။

**ပုညကကုသိုလ်ပါ။ အပုညကအကုသိုလ်ပါ။ အဘိသင်္ခါရက ခန္ဓာရအောင်ပြုတာကို ဆိုပါသည်။**

**အာနေဉ္ဇက မတုန်မလှုပ် ခိုင်မြဲတည်ကြည်သော အရူပကုသိုလ်ပါ။**

**အဘိသင်္ခါရက ခန္ဓာရအောင် ပြုလုပ်တာပါ။**

သဘောတရားကို ရှင်းပြပါမည်။

သစ္စာမသိမှုကို အကြောင်းခံပြီးလျှင် **လူ့ပြည် နတ်ပြည် ရူပါဝစရဗြဟ္မာပြည် ရောက်ကြောင်း** ကုသိုလ်ကောင်းမှုများတို့ ပြုလုပ်တာကို ပုညာဘိသင်္ခါရလို့ ခေါ်ပါသည်။

သစ္စာမသိမှုကို အကြောင်းခံပြီးလျှင် အပယ်လေးပါး ရောက်ကြောင်း၊ မကောင်းမှု အကုသိုလ်ဒုစရိုက်များကို ပြုလုပ်တာကို အပုညာဘိသင်္ခါရလို့ ခေါ်ပါသည်။

သစ္စာမသိမှုကို အကြောင်းခံပြီးလျှင် **အရူပ ဗြဟ္မာပြည် ရောက်ကြောင်း အရူပကုသိုလ်များကို** ပြုလုပ်တာကို အာနေဉ္ဇာဘိသင်္ခါရလို့ ခေါ်ပါသည်။

## ကနဲ၊ သင်္ခါရသုံးမျိုး

လှုပ်ရှားခြင်းစသော ကိုယ်အမူအရာကို ဖြစ်စေတာကို ကာယသင်္ခါရလို့ ခေါ်ပါသည်။

မြွက်ဆိုခြင်း စသော နှုတ်အမူအရာကို ဖြစ်စေတာကို ဝစီသင်္ခါရလို့ ခေါ်ပါသည်။

ကြံစည်စိတ်ကူးခြင်း စသော စိတ်အမူအရာကို ဖြစ်စေတာကို စိတ္တသင်္ခါရလို့ ခေါ်ပါသည်။

**မေး။** ။ ဤသင်္ခါရတွေ မဖြစ်ရအောင် ပုဂ္ဂိုလ်တိုင်း နေနိုင်ပါ့မလား။

**ဖြေ။** ။ ဘုရားနှင့် ရဟန္တာ ပုဂ္ဂိုလ်တို့သာလျှင် နေနိုင်ပါသည်။ ကျန်သော ပုထုဇဉ်မှစ၍ အနာဂစ်တိုင်အောင် ပုဂ္ဂိုလ်များသည် (အဝိဇ္ဇာ မကင်းသေးသောကြောင့်) ဤသင်္ခါရတွေမှ မဖြစ်အောင် မနေနိုင်ကြပါ။

**မေး။** ။ ပုညာဘိ သင်္ခါရနှင့် အာနေဉ္ဇာဘိ သင်္ခါရများ ပြုလုပ်ရင် နိဗ္ဗာန် ရောက်မရောက်

http://www.dhammadownload.com



ပြောပြပါ။

ဖြေ။ ။ မရောက်နိုင်ပါ။ **ဘာကြောင့်လဲဆိုရင် ၎င်းသင်္ခါရ နှစ်ပါးစလုံး သမုဒယသစ္စာချည်း ဖြစ်နေသောကြောင့် မရောက်နိုင်ပါ။**

မေး။ ။ အဝိဇ္ဇာ ဦးစီးပြီး ပြုလုပ်မိကြသော သင်္ခါရ သုံးမျိုးသည် **လောကုတ္တရာ** ချမ်းသာ သုခကို ပေးနိုင်ပါ့မလား။

ဖြေ။ ။ မပေးနိုင်ပါ။ ဘာကြောင့်လဲဆိုရင် အဝိဇ္ဇာကြောင့် ဖြစ်ပေါ်လာကြသော သင်္ခါရတွေဟာ အဝိဇ္ဇာ၏ လက်အောက်ခံဖြစ်သော ဇာတိဇရာ မရဏတို့ ညှဉ်းဆဲနေကြသော သုံးဆယ့်တစ်ဘုံ သံသရာထောင်ထဲမှာသာ ဖြစ်အောင် ပြုလုပ်ပေးကြမှာ ဖြစ်ပါသည်။

မေး။ ။ ပုညာဘိသင်္ခါရကို တရားကိုယ်ကို ကောက်ပြပါ။

ဖြေ။ ။ ကာမာဝစရ ကုသိုလ်စေတနာ ၈ ခု၊ ရူပါဝစရ ကုသိုလ်စေတနာ ၅ ခု ကိုကောက် ရပါသည်။

မေး။ ။ အပုညာဘိ သင်္ခါရကို တရားကိုယ် ကောက်ပြပါ။

ဖြေ။ ။ အကုသိုလ် စေတနာ ၁၂ ခုကို ကောက်ရပါသည်။

မေး။ ။ အာနေဉ္ဇာဘိ သင်္ခါရကို တရားကိုယ် ကောက်ပြပါ။

ဖြေ။ ။ အရူပါဝစရ ကုသိုလ်စေတနာ ၄ ခုကို ကောက်ရပါသည်။

မေး။ ။ သင်္ခါရ သုံးပါးကို ပြုလုပ်မိကြရင် ဘာတွေကို ဆက်ရမှာလဲ။

ဖြေ။ ။ ဝိညာဏ်မျိုးစုံ အဖုံဖုံကို ရကြမှာဖြစ်ပါသည်။

မေး။ ။ အဘယ်သင်္ခါရကိုပြုရင် အဘယ်ဝိညာဏ်ကို ရမည်ဆိုတာ ခွဲခြမ်းစိတ်ဖြာ၍ ပြောပြ ပါ။

ဖြေ။ ။ ပုညာဘိသင်္ခါရကိုပြုရင် လူဝိညာဏ် နတ်ဝိညာဏ် ရူပဗြဟ္မာဝိညာဏ်ကို ရမှာဖြစ်ပါ သည်။ အပုညာဘိ သင်္ခါရကိုပြုရင် အပါယ်လေးပါး ဝိညာဏ်ကို ရမှာဖြစ်ပါသည်။ အာနေဉ္ဇာဘိ သင်္ခါရကိုပြုရင် အရူပဗြဟ္မာဝိညာဏ်ကို ရမှာဖြစ်ပါသည်။

မေး။ ။ ဝိညာဏ်တွေကို ရခြင်းရဲ့ အကြောင်းတရားများကို ပြောပြပါ။

ဖြေ။ ။ အဝိဇ္ဇာက ဝိညာဏ် တစ်မျိုးမျိုးကိုရရင် ဒုက္ခသစ္စာကို ပြန်ရမှာပဲလို့ (ဒုက္ခသစ္စာ) ဆိုတဲ့ အပြစ်ကို မမြင်ရအောင် ဖုံးကွယ်ပေးပါသည်။

တဏှာက ဘုံဘဝတွေကို ရအောင်ညွှတ်ပေးပါသည်။

ကံသင်္ခါရတရားက (ဝိညာဏ်တစ်မျိုးမျိုးရအောင်) ဇနက သတ္တိနှင့် ပစ်ချပေးပါ သည်။ ဤအကြောင်းတရား သုံးပါးလဲစုံပါရော ပဋိသန္ဓေ ဝိညာဏ် ဖြစ်ပေါ်လာ

http://www.dhammadownload.com



တော့တာပါပဲ။

မေး။ ။ ဆောင်ပုဒ်ကို ဆိုပြပါ။

ဖြေ။ ။ အပြစ်ဖုံးကာ၊ အဝိဇ္ဇာ၊ တဏှာညွှတ်စေမှု။
ကံ, သင်္ခါရ၊ ဇနက၊ ပြစ်ချဖြစ်စေမှု။
အကြောင်းသုံးဖော်၊ ညီစေသော်၊ ဖြစ်ပေါ် သန္ဓေစ ဖြစ်ပါသည်။

မေး။ ။ သင်္ခါရတွေကြောင့် ဝိညာဏ်တွေ ဖြစ်ကြရတယ်ဆိုတာ ဘာကြောင့်ပါလဲ။

ဖြေ။ ။ ပြုလုပ် ဆည်းပူးအပ်ပြီးသော အကြောင်းကံတွေ မရှိဘူးဆိုရင် အကျိုးဝိပါက်တွေ ဘယ်အခါမှ ဖြစ်ရိုးထုံးစံ မရှိပါ။ သို့အတွက် သင်္ခါရတွေကြောင့်သာ ဝိညာဏ်တွေ ဖြစ်ကြရပါသည်။

မေး။ ။ ဝိညာဏ်ဆိုသော ပုဒ်အရ၊ အဘယ်ဝိညာဏ် ယူရမှာလဲ။

ဖြေ။ ။ ပဋိသန္ဓေ ဝိညာဏ်ကို ယူရပါသည်။

မေး။ ။ ဝိညာဏ်နှစ်မျိုးကို ပြောပါ။

ဖြေ။ ။ ပဋိသန္ဓေဝိညာဏ်တစ်မျိုး၊ ပဝတ္တိဝိညာဏ်က တစ်မျိုးအားဖြင့် ဝိညာဏ်နှစ်မျိုးရှိပါသည်။

မေး။ ။ ဝိညာဏ်နှစ်မျိုးကို တရားကိုယ် ကောက်ပြပါ။

ဖြေ။ ။ ပဋိသန္ဓေစိတ် ၁၉ ခုသည် ပဋိသန္ဓေ ဝိညာဏ်ဖြစ်ပါသည်။
လောကီဝိပါက်စိတ် ၃၂ ခုသည် ပဝတ္တိဝိညာဏ် ဖြစ်ပါသည်။
စုတိစိတ်နှင့် ပဋိသန္ဓေစိတ်တို့ ကြောင်းကျိုးဆက်ပုံကို ပြောရမယ်ဆိုရင် ပဋိသန္ဓေ စိတ်သည် အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝဆိုသော အတိတ် အကြောင်း အခြင်းအရာ ငါးပါးကြောင့် ဖြစ်ရပါသည်။ ထိုသို့ ဖြစ်တဲ့အခါမှာလဲ ယောကျ်ား မိန်းမဖြစ်တာမဟုတ်၊ ရုပ်နာမ် နှစ်ပါးမျှသာ ဖြစ်တာပါ။ ထိုပဋိသန္ဓေ ဝိညာဏ်စိတ် သည် လွန်ခဲ့ပြီးသော အတိတ်ဘဝက ဤဘဝသို့ရောက်အောင် ပြောင်းရွှေ့လာတာ မဟုတ်ပါ။
အတိတ်က အဝိဇ္ဇာ သင်္ခါရစသော တရားများကို ကြဉ်ပြီးတော့လဲ ဤဘဝမှာ လာ ဖြစ်ရတာ မဟုတ်ပါ။

မေး။ ။ ပဋိသန္ဓေ ဝိညာဏ်စိတ် ဤဘဝကို ရောက်အောင် ပြောင်းရွှေ့၍ မလာပုံကို ဥပမာ ဆောင်၍ ပြောပြပါ။

ဖြေ။ ။ လောကမှာ ပဲ့တင်သံဆိုတာ ရှိပါသည်။ တိုက်ကြီးတစ်ခုရဲ့ ဤဘက်စွန်းကနေ ဟေး လို့ခပ်ကျယ်ကျယ် အော်လိုက်ရင် ဟိုဘက်အစွန်းကနေ ဟေး လို့ဆိုတဲ့ အ

http://www.dhammadownload.com



သံကို ပြန်ကြားရပါသည်။ အဲဒါ ပဲ့တင်သံပါပဲ။ ဒီပဲ့တင်သံသည် မူလအသံ မဟုတ်ပါ။ မူလအသံနှင့် ကင်း၍လည်း ပဲ့တင်သံ မဖြစ်နိုင်ပါ။ ဤပဲ့တင်သံကဲ့သို့ ပဋိသန္ဓေစိတ်သည် ဟိုအတိတ်ဘဝက တိုက်ရိုက် ပြောင်းရွှေ့လာတာမဟုတ်ပါ။ အတိတ်က အဝိဇ္ဇာသင်္ခါရ စသော အကြောင်းတရားများကို ကြည့်ပြီးတော့လဲ ဖြစ်လာတာ မဟုတ်ပါ။ ဆီမီးဥပမာ၊ တံဆိပ်ဥပမာ စသည်တို့ဖြင့်လဲ သိနိုင်ပါသည်။

မေး။ ။ ဤသဘောတရားများ ဉာဏ်ထဲမှ မရှင်းပါက အဘယ်ဒိဋ္ဌိတွေ ဖြစ်နိုင်ပါသလဲ၊ ရှင်းပြပါ။

ဖြေ။ ။ ပဋိသန္ဓေ ဝိညာဏ်စိတ်က အတိတ်ဘဝကနေ ဤဘဝရောက်အောင် ပြောင်းရွှေ့လာတာပဲလို့ ယူရင် သဿတဒိဋ္ဌိ ဖြစ်ပါသည်။ ပဋိသန္ဓေ ဝိညာဏ်စိတ်သည် အတိတ်ဘဝက အဝိဇ္ဇာ သင်္ခါရ စသော အကြောင်းတရားတွေနှင့် လုံးဝဆက်သွယ်မှု မရှိဟု ယူလျှင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပြန်ပါသည်။

မေး။ ။ ဤဒိဋ္ဌိနှစ်ပါးဖြစ်လျှင် အဘယ်အပြစ်သင့်မှာလဲ။

ဖြေ။ ။ မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်တော့ပါ။

မေး။ ။ သင်္ခါရ အကြောင်းခံသောကြောင့်သာ ဝိညာဏ်ဖြစ်ရပ်ကို ဘုရားရှင်က ဘယ်လိုများ ဟောခဲ့ပါသလဲ။

ဖြေ။ ။ သင်္ခါရ ပစ္စယာ ဝိညာဏံ လို့ဟောခဲ့ပါသည်။

မေး။ ။ ဝိညာဏ်ဟူသော အကြောင်းကြောင့် အဘယ်တရားတွေ ဖြစ်လာပါသလဲ။

ဖြေ။ ။ နာမ်နှင့်ရုပ်တွေ ဖြစ်လာပါသည်။

မေး။ ။ ဘုရားရှင်က ပါဠိတော်မှာ ဘယ်လိုဟောခဲ့ပါသလဲ။

ဖြေ။ ။ ဝိညာဏပစ္စယာ နာမရူပံလို့ ဟောခဲ့ပါသည်။

မေး။ ။ ဝိညာဏံအရ အဘယ်နာမ် ယူရမှာလဲ။

ဖြေ။ ။ စိတ်ဆိုသောအကြောင်း နာမ်ကို ယူရပါသည်။

မေး။ ။ နာမရူပံအရ အဘယ်နာမ်နှင့် အဘယ်ရုပ်ကို ယူရမှာလဲ။

ဖြေ။ ။ နာမအရ စေတသိက်နာမ်ကို ယူရပါသည်။
ရူပအရ ကမ္မဇရုပ်ကို ယူရပါသည်။

မေး။ ။ အကြောင်းနာမ်နှင့် အကျိုးနာမ် နှစ်ပါးကို ခွဲပြပါ။

ဖြေ။ ။ စိတ်တရားသည် အကြောင်းနာမ် ဖြစ်ပါသည်။ စေတသိက်တရားသည် အကျိုးနာမ် ဖြစ်ပါသည်။

http://www.dhammadownload.com



**မေး။** ။ စိတ်ဆိုသော အကြောင်းနာမ်ကြောင့် စေတသိက်ဆိုသော အကျိုးနာမ် ဖြစ်ပုံကို ထင်ရှားအောင် ပြောပြပါ။

**ဖြေ။** ။ ကျမ်းဂန်များ၌ စေတသိက်နာမ်တရားတွေကို စိတ္တာနု ပရိဝတ္တိနောမွှာ၊ စိတ်၏ နောက်သို့ လိုက်၍ဖြစ်သော တရားတို့ ဟူ၍လည်းကောင်း၊ မနောပုဗ္ဗင်္ဂမာ ဓမ္မာ စိတ်ရှေ့သွားသော စိတ်နာမ်ကြောင့် စေတသိက်နာမ်များ ဖြစ်ရခြင်းသည် ထင်ရှားလှပါသည်။

စိတ်ကြည်လင်ရင် ရုပ်ကြည်လင်ပုံ၊ စိတ်မကြည်ရင် ရုပ်မကြည်ပုံကို မြင်ရသောကြောင့်လဲ ဝိညာဏ်ကြောင့် စိတ္တဇရုပ်တွေ ဖြစ်ခြင်းဟာ ထင်ရှားပါသည်။

ထင်ရှားစွာဖြစ်သော စိတ္တဇရုပ်ပုံကို ထောက်ထားသော အားဖြင့် ကမ္မဇရုပ်တွေဟာလဲ ဝိညာဏ်ကြောင့် ဖြစ်ရပုံကို သိရပါသည်။

**မေး။** ။ နာမ်ရုပ်နှစ်ပါး အကြောင်းခံလျှင် အဘယ်တရားတွေ ဆက်ဖြစ်ပါသလဲ။

**ဖြေ။** ။ သဠာယတန ခြောက်ပါး ဆက်ဖြစ်ပါသည်။

**မေး။** ။ ဘုရားရှင်က အဘယ်လို ဟောခဲ့ပါသလဲ။

**ဖြေ။** ။ နာမရူပ ပစ္စယာ သဠာယတနံလို့ ဟောခဲ့ပါသည်။

**မေး။** ။ သဠာယတန ဆိုသော ပါဠိအရ အာယတန ဘယ်နှစ်ပါးကို ယူရမှာလဲ။

**ဖြေ။** ။ သဠာယတန ဆိုတာ အမှန်က ဆအာယတနပါပဲ၊ သို့အတွက် အာယတန ခြောက်ပါးကို ယူရပါသည်။

**မေး။** ။ အာယတန ခြောက်ပါးကို ပါဠိမြန်မာ နှစ်မျိုးခွဲ၍ ရေးပြပါ။

**ဖြေ။** ။

| | |
|---|---|
| စက္ခာယတန | မျက်စိအကြည် |
| သောတာယတန | နားအကြည် |
| ဃာနာယတန | နှာခေါင်းအကြည် |
| ဇိဝှာယတန | လျှာအကြည် |
| ကာယာယတန | ကိုယ်အကြည် |
| မနာယတန | စိတ်အကြည်တို့ ဖြစ်ကြပါသည်။ |

**မေး။** ။ အာယတနရဲ့ သဘောကို ရှင်းပြပါ။

**ဖြေ။** ။ ရှည်လျားလှစွာ သံသရာ ဝဋ်ဆင်းရဲကို ချဲ့တတ်သောကြောင့် အာယတနလို့ ခေါ်ပါသည်။

**မေး။** ။ အဘယ်ဘုံမှာ အဘယ် အာယတန ရနိုင်တယ်ဆိုတာ ခွဲပြပါ။

http://www.dhammadownload.com



ဖြေ။ ။ အရူပ လေးဘုံမှာ မနာယတန တစ်ပါးရပါသည်။
ရူပ ၁၅ ဘုံမှာ စက္ခာယတန၊ သောတာယတန၊ မနာယတနဆိုသော အာယတန သုံးပါး ရပါသည်။
ကာမ ၁၁ ဘုံမှာ စက္ခာ၊ သောတာ၊ ဃာနာ၊ ဇိဝှာ၊ ကာယာ၊ မနာ ဟူသော အာယတန ခြောက်ပါးလုံး ရပါသည်။

မေး။ ။ အာယတန ခြောက်ပါးတို့၏ တည်ရာကို အသီးသီးခွဲပြပါ။

ဖြေ။ ။ စက္ခာယတနခေါ် စက္ခုပသာဒသည် မျက်နက်ဝန်းအလယ်၊ အရိပ်ထင်ရာရှိသော မျက်လွှာ ခုနစ်ထပ်ကို အကြည်ဓာတ်နှံ့စေလျက် တည်ပါသည်။
ပမာဏအားဖြင့် သန်းဦးခေါင်း ပမာဏရှိပါသည်။
သောတာယတနခေါ် သောတပသာဒသည် နားအုံအတွင်း နသောအမွေးနီတို့ စိစိ ညာညာ ပေါက်ရောက်ရာ၌ အကြည်ဓာတ်နှံ့စေလျက် တည်ပါသည်၊ လက်စွပ်ကွင်း သဏ္ဌာန်ရှိ ပါသည်။
ဃာနာယတနခေါ် ဃာနပသာဒသည် နှာခေါင်းအုံအတွင်း ဆိတ်ခွာသဏ္ဌာန် အရပ်၌ အကြည်ဓာတ် နှံ့စေလျက် တည်ပါသည်။
ဇိဝှာယတနခေါ် ဇိဝှာပသာဒသည် လျှာလယ်အထက် ကြာပွင့်ဖတ် အဖျားပိုင်းသဏ္ဍာန် အရပ်၌ အကြည်ဓာတ် နှံ့စေလျက် တည်ပါသည်။
ကာယတနခေါ် ကာယပသာဒသည် တစ်ကိုယ်လုံး အကြည်ဓာတ်နှံ့စေလျက် တည်ပါသည်။

မေး။ ။ ကာယပသာဒသည် တစ်ကိုယ်လုံး ဘယ်နေရာမဆို အကုန်တည်ပါသလား။

ဖြေ။ ။ မတည်ပါ။ မတည်နိုင်သော နေရာများမှာဆိုရင် ပါစကတေဇောတည်ရာ၊ အစာသစ်အိမ်၊ ဆံပင်ဖျား၊ မွေးညှင်းဖျားတို့၌ မတည်နိုင်ပါ။

မေး။ ။ အာယတန ခြောက်ပါးတို့ ဥပမာနှင့် ယှဉ်တွဲပြီး ပြောပြပါ။

ဖြေ။ ။ စက္ခုခေါ်သော မျက်စိသည် မြွေနှင့်တူပါသည်၊ အရှုပ်ကြိုက်ပါသည်။ သောတခေါ်သော နားသည် မိကျောင်းနှင့် တူပါသည်။ နက်ရှိုင်းရာကို ကြိုက်ပါသည်။ ဃာနခေါ်သော နှာခေါင်းသည် ငှက်နှင့်တူ၍ ကောင်းကင်လေထဲ၌ မွေ့လျော်ပါသည်။ ဇိဝှာခေါ်သော လျှာသည် အိမ်ခွေးနှင့် တူပါသည်။ မီးဖိုချောင်ကို ကြိုက်သည်။ ကာယခေါ်သော ကိုယ်သည် တောခွေးနှင့် တူပြီး တောခွေးများသည် သုသာန်၌ လူသားစား၍ လူသေကိုမှီပြီး အိပ်သလို ရုပ်အဖော် တစ်ခုကို မှီချင်သော သဘော

http://www.dhammadownload.com



ရှိပါသည်။ မန ခေါ်သော စိတ်သည် တောမျောက်နှင့် တူပါသည်။ သစ်တစ်ပင်မှ တစ်ပင်သို့ ခုန်ကူးချင်သလို အာရုံတစ်ခုမှ အာရုံတစ်ခုသို့ ပြောင်းပြီး စိတ်ကူးချင်ပါသည်။

မေး။ ။ ဆောင်ပုဒ်များကို ဖြေပြပါ။

ဖြေ။ ။ မျက်စိဆိုတာ၊ မြွေပမာ၊ လွန်စွာအရှုပ်ကြိုက်၊
နားဆိုတာဟာ၊ မိကျောင်းပမာ၊ လွန်စွာအအေးကြိုက်၊
နှာခေါင်းဆိုတာဟာ၊ ငှက်ပမာ၊ လွန်စွာကောင်းကင်ကြိုက်၊
လျှာဆိုတာဟာ၊ ခွေးပမာ၊ လွန်စွာမီးဖိုကြိုက်၊
ကိုယ်ဆိုတာဟာ၊ တောခွေးပမာ၊ လွန်စွာအိပ်ရာကြိုက်၊
စိတ်ဆိုတာဟာ၊ မျောက်ပမာ၊ လွန်စွာအဆော့ကြိုက်။

မေး။ ။ သဠာယတနာ ခြောက်ပါးက အဘယ်တရားများကို ဖြစ်စေပါသလဲ။

ဖြေ။ ။ ဖဿ ခြောက်ပါးကို ဖြစ်စေပါသည်။

မေး။ ။ ဘုရားရှင်က ဘယ်လို ဟောခဲ့ပါသလဲ။

ဖြေ။ ။ သဠာယတန ပစ္စယာဖဿောလို့ ဟောခဲ့ပါသည်။

မေး။ ။ ဖဿခြောက်ပါးကို ပါဠိမြန်မာ ၂ မျိုး ပြောပြပါ။

ဖြေ။ ။ စက္ခုသမ္ဖဿ မြင်တွေ့ဖဿ
သောတသမ္ဖဿ ကြားတွေ့ဖဿ
ဃာနသမ္ဖဿ နံ့တွေ့ဖဿ
ဇိဝှာသမ္ဖဿ စားတွေ့ဖဿ
ကာယသမ္ဖဿ ထိတွေ့ဖဿ
မနောသမ္ဖဿ ကြံတွေးဖဿ တို့ဖြစ်ပါသည်။

မေး။ ။ ဖဿရဲ့ တရားကိုယ်ကို ပြောပြပါ။

ဖြေ။ ။ လောကီဝိပါက် ၃၂ ခု၌ရှိသော ဖဿကိုဆိုပါသည်။

မေး။ ။ ဖဿရဲ့ သဘောကို ထင်ပေါ်အောင်ပြောပြပါ။

ဖြေ။ ။ နွားနှစ်ကောင် တိုက်ကြခတ်ကြ ဧော့ကြတာကို မြင်ကြသောအခါ တစ်ကောင်ကို စက္ခုဓာတ်ကဲ့သို့ မှတ်ရမယ်၊ တစ်ကောင်ကို ရူပဓာတ်ကဲ့သို့ မှတ်ရမယ်၊ ဦးခေါင်းချင်းဆိုင် ထိတာဆို ဖဿကဲ့သို့ မှတ်ရမယ်။

http://www.dhammadownload.com



## သို့သော်လဲ

ဖဿဆိုတဲ့ သဘောသည် တကယ်လာထိတာ မဟုတ်ပါဘူး။

ဝမ်းသာဖွယ်အာရုံ၊ ဝမ်းနည်းဖွယ် အာရုံများကို မြင်ရကြားရသောအခါ ထိုထို ဝတ္ထု ဒွါရမှာ ရှိသောစိတ်ကို လာထိသကဲ့သို့ အချင်းအရာမျှသာ ဖြစ်တာပါပဲ။

ပေါ်လွင်အောင် ပြောရမယ်ဆိုရင် ချဉ်သီး စားနေတဲ့ သူကိုမြင်ရလျှင် မိမိခံတွင်းထဲ အချဉ်သီး ရောက်လာသလို သွားရည်တွေ ကျလာသော သဘောလို့ မှတ်ရမယ်။

တစ်စုံတစ်ခုသော ရေးခြစ်သံကို ကြားရရင် မိမိသွားကို လာမထိသေ ်လဲ လာ ထိသလို သွားကျိန်းတဲ့သဘောလို့ မှတ်ရမယ်။

လူတစ်ယောက်က သစ်ပင်ထိပ်ဖျား တက်နေတာကို မြင်ရရင် မိမိက သစ်ပင် ပေါ် မရောက်သော်လဲ ရောက်နေသလို ဒူးတုန်တဲ့သဘောလို့မှတ်ရပါမယ်။

မေး။ ။ ဖဿခြောက်ပါး အကြောင်းခံရင် ဘယ်တရားတွေ ဆက်ဖြစ်ပါသလဲ။

ဖြေ။ ။ ဝေဒနာတွေ ဆက်ပြီးတော့ ဖြစ်ပြန်ပါသည်။

မေး။ ။ ဘုရားက ပါဠိတော်မှာ ဘယ်လို ဟောထားပါသလဲ။

ဖြေ။ ။ ဖဿပစ္စယာ ဝေဒနာလို့ဟောပါသည်။

မေး။ ။ ဝေဒနာရဲ့ သဘောကို ပြောပြပါ။

ဖြေ။ ။ အကျဉ်းအားဖြင့် ခံစားမှုသဘောကို ဝေဒနာဟု ခေါ်ပါသည်။

မေး။ ။ ဝေဒနာအမျိုးမျိုး ကွဲပြားပုံကို ရှင်းပြပါ။

ဖြေ။ ။ အာရုံ၏ အရသာကို ခံစားခြင်းအားဖြင့်–

| | |
|---|---|
| အာရုံကောင်းလျှင် | သုခဝေဒနာ |
| အာရုံညံ့လျှင် | ဒုက္ခဝေဒနာ |
| အာရုံအလတ်စားဖြစ်လျှင် | ဥပေက္ခာဝေဒနာလို့ သုံးမျိုးပြားပါသည်။ |

## အကြီးအကဲဣန္ဒြေအားဖြင့်

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေ ဒနာအားဖြင့် ငါးမျိုးပြားပါသည်။

http://www.dhammadownload.com



ဒွါရအစွမ်းအားဖြင့်

| | |
|---|---|
| စက္ခုသမ္မဿဇာဝေဒနာ | မြင်တွေ့ခံစား |
| သောတသမ္မဿဇာဝေဒနာ | ကြားတွေ့ခံစား |
| ဃာနသမ္မဿဇာဝေဒနာ | နံတွေ့ခံစား |
| ဇိဝှာသမ္မဿဇာဝေဒနာ | စားတွေ့ခံစား |
| ကာယသမ္မဿဇာဝေဒနာ | ထိတွေ့ခံစား |
| မနောသမ္မဿဇာဝေဒနာ | ကြံတွေ့ခံစား |

အားဖြင့် ခြောက်ပါး ပြားပါသည်။

**မေး။** ။ ဝေဒနာ၏ အာရုံ၏ အရသာကို ခံစားပုံနှင့်အတူ ဖြစ်ဘက်ဖြစ်သော ဖဿစသည်တို့ အာရုံခံစားကြပုံကို ပြောပြပါ။

**ဖြေ။** ။ ဝေဒနာက အာရုံ၏ အရသာကို အစိုးတရ ခံစားပါသည်။
ဖဿစသောတရားများက စိုးစဉ်း အနည်းငယ်မျှသာခံစားပါသည်။

ဥပမာအားဖြင့် စားတော်ကဲ ချက်ပေးသော ဘောဇဉ်ကို ရှင်ဘုရင်ကသာ မြိန်ယှက်စွာခံစားပါ၏။ စားတော်ကဲက မြည်းကြည့်ရုံသာ ခံစားပါ၏။ ဝေဒနာက ရှင်ဘုရင်နှင့် တူပါ၏။
ဖဿစသော တရားများက စားတော်ကဲနှင့် တူပါ၏။

**မေး။** ။ ရဟန္တာပုဂ္ဂိုလ်များ ဒုက္ခဝေဒနာ ခံစားပုံနှင့် ပုထုဇဉ်များ ဒုက္ခဝေဒနာ ခံစားကြပုံ မည်ကဲ့သို့ ထူးခြားပါသလဲ။

**ဖြေ။** ။ ရဟန္တာပုဂ္ဂိုလ်များ ဒုက္ခဝေဒနာ ခံစားကြရသောအခါ ကာယိကဒုက္ခဝေဒနာသာဖြစ်ကြ၍ စေတသိက ဒုက္ခဝေဒနာ (စိတ်ဆင်းရဲမှု) မဖြစ်ကြတော့ပါ။
(ကိုယ်သာနာကြ၍ စိတ်ကတော့ မနာကြတော့ပါ)

ပုထုဇဉ်များ ဒုက္ခဝေဒနာခံစားကြရပြီဆိုရင် ကိုယ်လဲနာကြ စိတ်လဲနာကြတော့တာပါပဲ။ ကိုယ်လဲဆင်းရဲ စိတ်လဲ ဆင်းရဲကုန်တော့တာပါပဲ။ ဤကဲ့သို့ ထူးခြားကြပါသည်။

http://www.dhammadownload.com



မေး။ ။ သုခဝေဒနာကို ဖြစ်ပျက်မရှုမိရင် ဘယ်တရားဆက် ဖြစ်မှာလဲ။

ဖြေ။ ။ တဏှာ(ရာဂါနုသယ) ဆက်ဖြစ်ပါသည်။

မေး။ ။ ဒုက္ခဝေဒနာကို ဖြစ်ပျက်မရှုရင် အဘယ်တရားတွေ ဆက်ဖြစ်မှာလဲ။

ဖြေ။ ။ ဒေါသ (ပဋိဃာနုသယ) ဆက်ဖြစ်ပါသည်။

မေး။ ။ ဥပေက္ခာဝေဒနာ ဖြစ်ပျက်မရှုရင် အဘယ်တရားတွေ ဆက်ဖြစ်မှာလဲ။

ဖြေ။ ။ မောဟ (အဝိဇ္ဇာနုသယ) ဆက်ဖြစ်ပါသည်။

မေး။ ။ ဝေဒနာအကြောင်းခံပြီးလျှင် အဘယ်တရားတွေ ဆက်ဖြစ်ပါသလဲ။

ဖြေ။ ။ တဏှာတရားတွေ ဆက်ဖြစ်ပါသည်။

မေး။ ။ မြတ်စွာဘုရားက ဘယ်လိုဟောခဲ့ပါသလဲ။

ဖြေ။ ။ ဝေဒနာ ပစ္စယာ တဏှာလို့ ဟောခဲ့ပါသည်။

မေး။ ။ တဏှာတရားက အဘယ်ကာလမှာ ခေါင်းဆောင်ဖြစ်ပါသလဲ။

ဖြေ။ ။ ပစ္စုပ္ပန်ကာလမှာ ခေါင်းဆောင်ဖြစ်ပါသည်။

မေး။ ။ အဝိဇ္ဇာက ဘယ်ကာလမှာ ခေါင်းဆောင်ဖြစ်ပါသလဲ။

ဖြေ။ ။ အတိတ်ကာလမှာ ခေါင်းဆောင်ဖြစ်ပါသည်။

မေး။ ။ အတိတ်ကာလခေါင်းဆောင် အဝိဇ္ဇာဆိုတဲ့ သမုဒယသစ္စာကို ကြိုးစားကြရင် ဘာကို ပြန်ရမှာလဲ။

ဖြေ။ ။ ပစ္စုပ္ပန် ခန္ဓာတွေကို ပြန်ရမှာ ဖြစ်ပါသည်။

မေး။ ။ ပစ္စုပ္ပန် ခန္ဓာတွေကို ပြန်ရရင် ဘာပွဲတွေ နွှဲရဦးမှာလဲ။

ဖြေ။ ။ အိုပွဲ၊ နာပွဲ၊ သေပွဲစသည်တို့ကို နွှဲကြရမှာ ဖြစ်ပါသည်။

မေး။ ။ ပစ္စုပ္ပန်ကာလ ခေါင်းဆောင်တဏှာဆိုသော သမုဒယသစ္စာကို ကြိုးစားကြရင် ဘာတွေကို ပြန်ရဦးမှာလဲ။

ဖြေ။ ။ အနာဂတ် ခန္ဓာတွေကို ပြန်ရကြမှာ ဖြစ်ပါသည်။

မေး။ ။ တဏှာ၊ မာန၊ ဒိဋ္ဌိ ဤသုံးပါးကို ဘာတရားဟု ခေါ်ပါသလဲ။

ဖြေ။ ။ ပပဉ္စတရားသုံးပါးလို့ ခေါ်ပါသည်။

မေး။ ။ ပပဉ္စတရားဆိုတာ အဘယ်သဘောကို ခေါ်ပါသလဲ။

ဖြေ။ ။ သံသရာချဲ့သော သဘောကို ပပဉ္စလို့ ခေါ်ပါသည်။

မေး။ ။ သံသရာချဲ့ပုံကို အနည်းငယ်မျှ ရှင်းပြပါ။

ဖြေ။ ။ ပဋိသန္ဓေနေခြင်း ဆင်းရဲက အိုခြင်းဆင်းရဲရောက်အောင်ချဲ့၊ အိုခြင်းဆင်းရဲက နာ

http://www.dhammadownload.com



ခြင်းဆင်းရဲ ရောက်အောင်ချဲ့၊ နာခြင်းဆင်းရဲက သေခြင်းဆင်းရဲ ရောက်အောင်ချဲ့၊ သေခြင်းဆင်းရဲကနေ တစ်ဖန် ပဋိသန္ဓေနေခြင်းရောက်အောင် ချဲ့တတ်ပါသည်။ ဤကဲ့သို့ ဆင်းရဲလက်စ မပြတ်အောင် ချဲ့သောကြောင့် ပပဉ္စတရားလို့ ခေါ်ပါသည်။

**မေး။** ။ တဏှာ မပေါ်စေချင်ရင် ဘယ်ဝေဒနာကို ရှုရမှာလဲ။

**ဖြေ။** ။ သုခဝေဒနာကို ဖြစ်ပျက်ရှုရမှာ ဖြစ်ပါသည်။

**မေး။** ။ သုခဝေဒနာ ဖြစ်ပျက်မရှုရင် သံသရာလည်မှာလား ပြတ်မှာလား။

**ဖြေ။** ။ သံသရာလည်မှာ ဖြစ်ပါသည်။

**မေး။** ။ သံသရာလည်ပုံကို အနည်းငယ်မျှ ပြောပြပါ။

**ဖြေ။** ။ သုခဝေဒနာကို ဖြစ်ပျက်မရှုနိုင်ရင် သုခဝေဒနာ ပစ္စယာတဏှာဆက်သွားပါသည်။ တဏှာဖြစ်ရင် ဥပါဒါန်လဲ ဖြစ်ရမှာပါ၊ ဥပါဒါန် ဖြစ်ပါက ကမ္မဘဝလဲ ဖြစ်ရတော့မှာပါ။ ကမ္မဘဝပစ္စယာဇာတိတွေဆက်ပြီး သံသရာလည်တော့တာပါပဲ။

**မေး။** ။ ဒေါသမပေါ်စေချင်ရင် ဘယ်ဝေဒနာကို ရှုရမှာလဲ။

**ဖြေ။** ။ ဒုက္ခဝေဒနာကို ဖြစ်ပျက်မြင်အောင် ရှုရမှာ ဖြစ်ပါသည်။

**မေး။** ။ မောဟ မပေါ်စေချင်ရင် ဘယ်ဝေဒနာကို ရှုရမှာလဲ။

**ဖြေ။** ။ ဥပေက္ခာဝေဒနာကို ဖြစ်ပျက်မြင်အောင် ရှုရမှာ ဖြစ်ပါသည်။

**မေး။** ။ လိုချင်မှုတဏှာ အကြောင်းခံရင် ဘယ်တရားတွေ ဆက်ဖြစ်ပါသလဲ။

**ဖြေ။** ။ စွဲလမ်းမှု ဥပါဒါန် တရားတွေ ဆက်ဖြစ်ပါသည်။

**မေး။** ။ မြတ်စွာဘုရားက ဘယ်လိုဟောခဲ့ပါသလဲ။

**ဖြေ။** ။ တဏှာပစ္စယာ ဥပါဒါန်ဟု ဟောခဲ့ပါသည်။

**မေး။** ။ ဥပါဒါန်ရဲ့ သဘောကို ရှင်းပြပါ။

**ဖြေ။** ။ ဖားများကို မြွေများက ဖမ်းသောအခါ မြဲမြဲမြံမြံ တင်းတင်းကျပ်ကျပ် မလွတ်အောင် ဖမ်းကြသလို ပြင်းပြင်းထန်ထန် စွဲလမ်းမှုသဘောကို ဥပါဒါန်လို့ ခေါ်ပါသည်။

**မေး။** ။ ဥပါဒါန်ရဲ့ တရားကိုယ်ကို ကောက်ပြပါ။

**ဖြေ။** ။ အားကြီးသော တဏှာနှင့် ဒိဋ္ဌိကို ကောက်ရပါသည်။

**မေး။** ။ တဏှာနှင့် ဥပါဒါန်တို့ရဲ့ ထူးခြားပုံကို ရှင်းပြပါ။

**ဖြေ။** ။ တဏှာသဘောက မရသေးသော အာရုံအမျိုးမျိုးကို တောင့်တပါသည်။ ဥပမာအားဖြင့် ခိုးသူများဟာ မှောင်ရိပ်ထဲမှာ ဘဏ္ဍာထုပ်ကို ပျှောက်စမ်းတာနှင့်

http://www.dhammadownload.com



တူပါသည်။

ဥပါဒါန်ရဲ့ သဘောကတော့ ရရှိပြီးသော အာရုံများကို မလွှတ်ဘဲ စွဲမြဲစွာယူ သည်။ ဥပမာအားဖြင့် ဘဏ္ဍာထုပ်ကို ရပြီးသော ခိုးသူသည် ဘယ်တော့မှ မလွှ တာနှင့် တူပါသည်။

မေး။ ။ ဥပါဒါန်အပြား ဘယ်နှစ်ပါး ရှိပါသလဲ ပြောပြပါ။

ဖြေ။ ။ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်အားဖြင့် လေးပါးရှိ သည်။

မေး။ ။ အဘယ်သဘောကို ကာမုပါဒါန်ဟု ခေါ်ပါသလဲ။

ဖြေ။ ။ ငါးဖြာအာရုံ ကာမဂုဏ်များရဲ့ အပေါ်မှာ ပြင်းထန်စွာစွဲလန်းမှုကို ကာမုပါဒါန်လ ခေါ်ပါသည်။ (လောဘကိုကောက်ပါ။)

မေး။ ။ အဘယ်သဘောကို ဒိဋ္ဌုပါဒါန်ဟု ခေါ်ပါသလဲ။

ဖြေ။ ။ လှူဒါန်းပေးကမ်းခြင်းသည် အကျိုးမရှိ စသည်ဖြင့် ယူမှားသော ဆယ်ပါးသော ဒသဝတ္ထုကဒိဋ္ဌိသည် ဒိဋ္ဌုပါဒါန် ဖြစ်ပါသည်။
(တရားကိုယ် ဒိဋ္ဌိကောက်ပါ။)

မေး။ ။ အဘယ်သဘောကို သီလဗ္ဗတုပါဒါန်ဟု ခေါ်ပါသလဲ။

ဖြေ။ ။ နွား၊ ခွေး စသည်တို့၏ အလေ့အကျင့်မြင် သံသရာမှ စင်ကြယ်မယ်၊ နိဗ္ဗာန်ရမယ် လို့ ယူသောအယူမှားသည် သီလဗ္ဗတုပါဒါန် ဖြစ်ပါသည်။
(တရားကိုယ် ဒိဋ္ဌိကိုပဲကောက်ပါ။)

မေး။ ။ အဘယ်သဘောကို အတ္တဝါဒုပါဒါန်ဟု ခေါ်ပါသလဲ။

ဖြေ။ ။ ရုပ်ဟာငါပဲ၊ ရုပ်ရှိသော ငါပဲ၊ ငါ၌ရုပ်ပဲ၊ ရုပ်၌ငါပဲ စသည်ဖြင့် မှားမှားယွင်းယွင်း စွဲလမ်းတတ်သော နှစ်ဆယ်အောသက္ကာယဒိဋ္ဌိကို အတ္တာဝါဒုပါဒါန်လို့ ခေါ်ပါသည်။
(တရားကိုယ် ဒိဋ္ဌိကိုပဲကောက်ပါ။)

မေး။ ။ ဒိဋ္ဌုပါဒါန်အစွဲနှင့် အတ္တဝါဒုပါဒါန် အစွဲနှစ်ပါး ထူးခြားပုံကို ပြောပြပါ။

ဖြေ။ ။ ဒိဋ္ဌုပါဒါန် အစွဲက လူ့ပြည်၊ နတ်ပြည် မရောက်အောင်တားပါသည်။
အတ္တဝါဒုပါဒါန် အစွဲက မဂ်ဖိုလ်နိဗ္ဗာန် မရောက်အောင် တားပါသည်။

မေး။ ။ ဥပါဒါန် အစွဲရှိသော ပုဂ္ဂိုလ်များသည် ဘာကို ကြိုးစားတတ်ကြပါသလဲ။

ဖြေ။ ။ ဘဝကို ဖြစ်အောင် ကြိုးစားအားထုတ် ကြပါသည်။

http://www.dhammadownload.com



**မေး။** ။ ဘဝသည် ဘယ်နှစ်ပါး ပြားပါသလဲ။

**ဖြေ။** ။ ကမ္မဘဝ၊ ဥပပတ္တိဘဝဟု နှစ်မျိုးပြားပါသည်။

**မေး။** ။ ကမ္မဘဝဆိုတာ အဘယ်တရားကို ခေါ်ပါသလဲ။

**ဖြေ။** ။ ပုညာဘိ သင်္ခါရစသော စေတနာ ၂၉ ခုကို ခေါ်ပါသည်။

**မေး။** ။ ဥပပတ္တိ ဘဝဆိုတာ အဘယ်တရားထူးကို ခေါ်ပါသလဲ။

**ဖြေ။** ။ ဘဝကြီး ကိုးပါးကို ခေါ်ပါသည်။

**မေး။** ။ အကြောင်းဘဝ အကျိုးဘဝကို ခွဲပြပါ။

**ဖြေ။** ။ ကမ္မဘဝသည် အကြောင်းဘဝ မည်ပါသည်။
ဥပပတ္တိဘဝသည် အကျိုးဘဝ မည်ပါသည်။

**မေး။** ။ ကမ္မဘဝနှင့် ဥပပတ္တိ ဘဝနှစ်ပါး ထူးခြားပုံကို ပြောပြပါ။

**ဖြေ။** ။ ဘဝသို့ ရောက်စေ ဖြစ်စေတတ်သော စေတနာသည် ကမ္မဘဝ မည်ပါသည်။ စေတနာကံတွေကြောင့် ဖြစ်ပေါ်လာကြရသော ခန္ဓာအမျိုးမျိုးသည် ဥပပတ္တိဘဝ မည်ပါသည်။

**မေး။** ။ ဘဝကြီး ၉ ပါးကို ရေတွက်ပြပါ။

**ဖြေ။** ။ ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ၊ သညီဘဝ၊ အသညီဘဝ၊ နေဝသညီ နာသညီဘဝ၊ ဧကဝေါကာရဘဝ၊ စတုဝေါကာရဘဝ၊ ပဉ္စဝေါကာရဘဝ ဘဝပေါင်း ၉ ပါးဖြစ်ပါသည်။

**မေး။** ။ လောကလူသားများသည် ကမ္မဘဝကို အဘယ့်ကြောင့် ပြုလုပ်မိကြပါသလဲ။

**ဖြေ။** ။ ဥပါဒါန်အစွဲကြောင့် ပြုလုပ်မိကြပါသည်။

**မေး။** ။ ဥပါဒါန်အစွဲ ဟာလဲ ဘာကြောင့်ဖြစ်ကြပါသလဲ။

**ဖြေ။** ။ လိုချင်မှု တဏှာကြောင့် ဖြစ်ပေါ် လာကြရပါသည်။

**မေး။** ။ တဏှာအစွဲနှင့် ဥပါဒါန်အစွဲ ခွဲပြပါ။

**ဖြေ။** ။ သာမည အနည်းငယ် လိုချင်မှုသည် တဏှာစွဲ ဖြစ်ပါသည်။ အကြီးအကျယ် လိုချင်မှုသည် ဥပါဒါန်အစွဲ ဖြစ်ပါသည်။

**မေး။** ။ ကမ္မဘဝကို ပြုလုပ်မိသော သူများသည် ဘာကို ပြန်ရကြဦးမှာလဲ။

**ဖြေ။** ။ ဇာတိမျိုးစုံ အဖုံဖုံကို ပြန်ရကြမှာ ဖြစ်ပါသည်။

http://www.dhammadownload.com



မေး။ ။ ဘဝပစ္စယာဇာတိလို့ ဟောသောနေရာမှာ ဘယ်ဘဝကြောင့် ဇာတိကို ပြန်ရမှာလဲ။

ဖြေ။ ။ ကမ္မဘဝကြောင့်သာ ဇာတိကို ပြန်ရမှာ ဖြစ်ပါသည်။
(ဉပပတ္တိဘဝက ဇာတိထဲ၌ အကျုံးဝင်ပြီး ဖြစ်သည်။)

မေး။ ။ ကမ္မဘဝနှင့် ဉပပတ္တိဘဝ အထူးကို ပြောပြပါ။

ဖြေ။ ။ အကျိုးတရားများကို ဖြစ်သောဘဝကို ကမ္မဘဝလို့ ခေါ်သည်။
အကျိုးတရားထဲမှာ ပါဝင်နေသော ဘဝကား ဉပပတ္တိဘဝ ဖြစ်ပါသည်။

မေး။ ။ ကမ္မဘဝကား ဘာသစ္စာ ဖြစ်ပါသလဲ။

ဖြေ။ ။ သမုဒယသစ္စာ ဖြစ်ပါသည်။

မေး။ ။ ဉပပတ္တိဘဝကား ဘယ်သစ္စာဖြစ်ပါသလဲ။

ဖြေ။ ။ ဒုက္ခသစ္စာ ဖြစ်ပါသည်။

မေး။ ။ ဘဝမှန်သမျှ ချုပ်ငြိမ်းစေချင်ရင် ကမ္မဘဝကိုပဲ ပယ်ရမှာလား၊ ဉပပတ္တိဘဝကိုပဲ ညှဉ်းဆဲရမှာလား။

ဖြေ။ ။ ကမ္မဘဝကို ဖြစ်ပျက်ရှုပြီး ပယ်ရပါသည်၊ အကျိုးဉပပတ္တိ ဘဝကို မညှဉ်းဆဲရပါ။

မေး။ ။ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘာကြောင့် နိဗ္ဗာန် ရောက်သွားပါသလဲ။

ဖြေ။ ။ ကုသိုလ်ကံ အကုသိုလ်ကံများကို စွန့်ပယ်လိုက်လို့ပါပဲ။

မေး။ ။ ကုသိုလ်ကံ အကုသိုလ်ကံတွေဟာ ဘာသစ္စာတွေပါလဲ။

ဖြေ။ ။ သမုဒယ သစ္စာချည်းသာ ဖြစ်ကြပါသည်။

မေး။ ။ မိုးကုတ်ရဲ့ ဆရာတော်ကြီးက ကံနှင့်ပတ်သက်ပြီး ဘယ်လို ဆုံးမခဲ့ပါသလဲ။

ဖြေ။ ။ ကံစိမ်ရာကို လိုက်ကြရင် သုံးဆယ့်တစ်ဘုံ လည်ကြရမယ်၊ ဉာဏ်စိမ်ရာ လိုက်ရင်တော့ နိဗ္ဗာန် ရောက်ကြမယ်လို့ ဆုံးမခဲ့ပါသည်။

မေး။ ။ ဇာတိရဲ့ ဖြစ်ကြောင်းဟာ ကမ္မဘဝသာဖြစ်ကြောင်း ပုံကိုထင်ရှားအောင် ရှင်းပြပါ။

ဖြေ။ ။ လောကမှာ အမွှာပူးမွေးသူတို့သည် မိဘနှစ်ပါးတို့၏ သွေးသားတို့၊ အစာအာဟာရတို့၊ အပူအအေးတို့ဆိုတဲ့ အပြင်ဘက်က အကြောင်းချင်း တူပါလျက်၊ ပိန်တာ၊ ဝတာ၊ မည်းတာ၊ ဖြူတာ၊ မြတ်တာ၊ မမြတ်တာ စသည်တို့ဟာ ကံချင်း မတူခြင်းကြောင့်သာ ဖြစ်ရပါတယ်။ ဒါကြောင့်လဲ မြတ်ဘုရားက ကမ္မသတ္တေဝိဘဇတိယဒိဒံ ဟိနပဏ္ဏိတတာယလို့ ဟောခဲ့ပါသည်။

http://www.dhammadownload.com



မေး။ ။ ဇာတိဆိုတာ ဘာတရားတွေရဲ့ ဖြစ်ခြင်းကို ဆိုပါသလဲ။

ဖြေ။ ။ နိပ္ဖန္နရုပ်တို့လည်းကောင်း၊ နာမက္ခန္ဓာ လေးပါးတို့၌လည်းကောင်း၊ ဖြစ်ခြင်း ဥပါဒ် သဘောကို ဇာတိလို့ ခေါ်ပါသည်။ (ရုပ်ရဲ့ဇာတိ နာမ်ရဲ့ဇာတိ)

မေး။ ။ ဇာတိ အကြောင်းခံပြီးတော့ ဘယ်တရားတွေ ထပ်ဖြစ်ပါသလဲ။

ဖြေ။ ။ ရုပ်ဇရာမရဏ၊ နာမ်ဇရာမရဏ တရားတွေ ထပ်ဖြစ်ပါသည်။

မေး။ ။ ဇရာမရဏ သဘောကို ရှင်းပြပါ။

ဖြေ။ ။ နိပ္ဖန္နရုပ်တို့၌လည်းကောင်း၊ နာမက္ခန္ဓာ လေးပါးတို့၌ လည်းကောင်း ရင့်ခြင်း၌ သဘောနှင့် ပျက်ခြင်းဘင်သဘောကို ဇရာမရဏလို့ ခေါ်ပါသည်။

မေး။ ။ လောကသတ္တဝါတွေသည် အဘယ့်ကြောင့် အိုကြရ သေကြရတာလဲ။

ဖြေ။ ။ ဇာတိတရား ရလာကြသောကြောင့်သာလျှင် အိုကြရ သေကြရတာပါ။

မေး။ ။ ဇာတိတရား ရလာကြသောသူများသည် ဇရာမရဏတရား နှစ်ပါးကိုသာ တွေ့ကြ ရမှာလား။

ဖြေ။ ။ မဟုတ်ပါ၊ ဇရာမရဏနှစ်ပါးကိုလဲ တွေ့ကြရမှာပါ။ သောကပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသ ငါးပါးကိုလဲ တွေ့ကြရမှာပါ။

မေး။ ။ ဇာတိ ဇရာ မရဏ သုံးပါးတို့ကို ဥပမာအားဖြင့် ရှင်းပြပါ။

ဖြေ။ ။ ချော့ခေါ်သောသူ၊ လဲအောင်ရိုက်သောသူ၊ လည်ပင်းဖြတ်သောသူ ဟု ရန်သူသုံး ယောက်အသွင် သဘောထားရှိရမယ်။

ထပ်ပြီးရှင်းပြပါဦးမယ်။ ဇာတိဆိုသော ရန်သူသည် သတ္တဝါတွေကို တစ်ဘဝ မှ တစ်ဘဝရောက်အောင် ချော့ခေါ်သောရန်သူပင်။ ဇရာဆိုသောရန်သူသည် ရောက် ရာဘဝ၌ သတ္တဝါတွေကို မထနိုင်အောင် ရိုက်နှိပ်သတ်ပုတ်လေသည်။

မရဏဆိုသော ရန်သူသည် မထနိုင်သော သတ္တဝါတွေကို လည်ပင်းဖြတ်တော့မည်။ ကိုင်း ယောဂီတို့ ဇာတိရန်သူလာခေါ်ရင် လိုက်ကြဦးမှာလား။

မေး။ ။ သောကစသော တရားငါးပါးရဲ့ သဘောကို ရှင်းပြပါ။

ဖြေ။ ။ ဆွေမျိုးပျက်စီးခြင်း စသော အကြောင်းကြောင့် စိုးရိမ်ပူဆွေးသော ဒေါမနဿ ဝေဒနာသည် သောကဖြစ်ပါတယ်။ ဥပမာအားဖြင့် ရေနွေးအိုး မီးထိုးပေးတာနှင့် တူပါသည်။

ဆွေမျိုးပျက်စီးခြင်း စသော အကြောင်းကြောင့် ငိုကြွေးမည်တမ်းသော စိတ္တဇ

http://www.dhammadownload.com



ခန္ဓာငါးပါးကို ငါ့ကိုယ် ငါ့ဟာ စွဲလမ်းသော (ဒိဋ္ဌာသဝ) ရှိသော သူများမှာ ခန္ဓာကလဲ ဖောက်ပြန်ပြရော သောက စသည် ဖြစ်ကြတာပါပဲ။ တွေဝေမိုက်မဲခြင်း အဝိဇ္ဇာသဝ ရှိသောသူတို့မှာ မျက်မှောက်ဘဝမှာ သောကစသည် အလွယ်တကူဖြစ်ကြပါသည်။

မေး။ ။ သောက စသော ငါးပါးဖြစ်ရင်လဲ အာသဝကော မဖြစ်ဘူးလား။

ဖြေ။ ။ ဖြစ်ပါသည်။ ထိုအာသဝကြောင့် အဝိဇ္ဇာလည်း ဖြစ်ပြန်ပါသည်။

မေး။ ။ အဝိဇ္ဇာဖြစ်ပြန်ရင် ဘာတွေ ဆက်ဖြစ်ပြန်ပါသလဲ။

ဖြေ။ ။ သင်္ခါရတို့ ဝိညာဏ် စသည်တို့ ဆက်ဖြစ်ပြန်ပါသည်။

မေး။ ။ သောကစသော တရားငါးပါးကို ပဋိစ္စသမုပ္ပါဒ်အဆုံးမှာ ဘာကြောင့် ဆက်ပြီးဟောထားပါသလဲ။

ဖြေ။ ။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ် စသည်ဖြင့် ဘဝစက်ကြီး ဆက်ကာ ဆက်ကာ မပြတ် တရစပ် လည်နေပုံကို ပြလိုသောကြောင့် သောက စသော တရားငါးပါးကို အဆုံးမှာ ဟောထားတာ ဖြစ်ပါသည်။

မေး။ ။ အင်္ဂါ ၁၂ ပါးကို ဥပမာအားဖြင့် ထင်ရှားအောင် ရှင်းပြပါဦး။

ဖြေ။ ။ ကန်းတာက အဝိဇ္ဇာပါ။ လမ်းလျှောက်တာက သင်္ခါရပါ။ ချောက်ကျတာက ဝိညာဏ်ပါ။ အနာရတာက နာမ်ရုပ်ပါ။ ငန်းမန်းကြွတာက သဠာယတနပါ။ ဆူးထိုးခံရတာက ဖဿပါ။ ဝေဒနာမျိုးစုံရတာက ဝေဒနာပါ။ ဆေးကုလိုတာက တဏှာပါ (ဝါ) ကုရိုးကတဏှာပါ။ ဆေးမှားက ဥပါဒါန်ပါ။ သုတ်လိမ်းက ကမ္မဘဝပါ။ တိုးပွားအနာက ဇာတိပါ။ ကွဲပျက်က ဇရာနှင့် မရဏပါ။

မေး။ ။ ဥပမာ လင်္ကာဆောင်ပုဒ်ကို ဆိုပြပါ။

ဖြေ။ ။ ကန်း၊ လျှောက်၊ ချောက်ကျ၊ အနာရ၍ မန်းကြွ၊ ဆူးထိုး ဝေဒနာမျိုးနှင့် ကုရိုး၊ ဆေးမှား၊ သုတ်လိမ်းအားကြောင့်၊ တိုးပွားအနာ၊ ကွဲပျက်ရှာသည်၊ သေချာမှတ်ကြ၊ (ပဋိစ္စ)သမုပ္ပါဒ်။

မေး။ ။ ဇရာ မရဏနှင့် တွေ့ကြုံကြရသူတို့မှာ ဘာတွေ ဆက်ဖြစ်ပါသလဲ။

ဖြေ။ ။ ဇရာမရဏ အနှိပ်စက် ခံရသူတို့မှာ မအိုချင်ကြ၊ မသေချင်ကြပါ၊ နုပျိုလို၊ အသက်ရှည်လို ကြပါသည်။ အဲဒီ နုပျိုလို အသက်ရှည်လိုမှုဟာ အာသဝပါပဲ။ အာသဝဖြစ်ရင် အာသဝ သမုဒယ၊ အဝိဇ္ဇာ သမုဒယောဆိုပြီး အဝိဇ္ဇာ ဖြစ်ပြန်ပါသည်။ အဝိဇ္ဇာ

http://www.dhammadownload.com



ဝိပ္ပလ္လာသ သဒ္ဒရုပ်သည် ပရိဒေဝ ဖြစ်ပါသည်။ (ဒိုကြေးသံပင်)

ဥပမာအားဖြင့် ရေနွေးအိုး ဆူပွက်တာနှင့် တူပါသည်။ ဒုက္ခဆိုတာ ထိခိုက်ခြင်း စသော အကြောင်းကြောင့် ကိုယ်၏နာကျင်ခြင်း ဒုက္ခဝေဒနာ ဖြစ်ပါသည်။

ဒေါမနဿဆိုတာ စဉ်းစားမိတိုင်း တွေးတောမိတိုင်း စိတ်၏နာကျင်ခြင်း ဒေါမနဿဝေဒနာ ဖြစ်ပါသည်။

ဥပါယာသဆိုတာ ဆွေမျိုးပျက်စီးခြင်း စသော အကြောင်းကြောင့် သက်ကြီးရှိုက်ငင် ပြင်းထန်စွာသော ဒေါသစေတသိက် ဖြစ်ပါသည်။

ဥပမာအားဖြင့် ရေနွေးအိုး ခန်းအောင် မီးပြင်းတိုက်တာနှင့် တူပါသည်။

မေး။ ။ ဒီ သောက စသော တရားငါးပါးသည် ဇာတိကြောင့်သာ ဖြစ်ရပါသလား။

ဖြေ။ ။ ဇာတိကြောင့်လဲဖြစ်ပါသည်။ ဇရာ မရဏာကြောင့်လဲ ဖြစ်ပါသည်။ တစ်ပါးသော ဒုက္ခကြောင့်လဲ ဖြစ်ပါသည်။

မေး။ ။ ဒီ သောက စသော တရားငါးပါးဟာ ဘုံတိုင်းမှာ ဖြစ်ပါသလား။

ဖြေ။ ။ ရူပဘုံ အရူပဘုံဆိုတဲ့ ဗြဟ္မာဘုံတွေမှာ လုံးလုံးမဖြစ်ကြပါ။

မေး။ ။ ဒီသောက စသော တရားငါးပါးကို အင်္ဂါ ၁၂ ပါးထဲမှာ ဘာကြောင့် ထည့်ပြီး မရေတွက်ပါသလဲ။

ဖြေ။ ။ ဇာတိ၏ မုချအကျိုးရင်းမဟုတ်၊ ဇာတိ၏ အကျိုးဗျားမျှသာ ဖြစ်သောကြောင့် အင်္ဂါ ၁၂ ပါးထဲမှာ ထည့်ပြီး မရေတွက်ရပါ။

မေး။ ။ ထို သောက စသော တရားငါးပါးသည် ဘာကြောင့် ဖြစ်ကြရပါသလဲ။

ဖြေ။ ။ အာသဝေါတရား လေးပါးကြောင့် ဖြစ်ကြရပါသည်။

မေး။ ။ အာသဝေါတရားလေးပါးကြောင့် သောက စသော ငါးပါး ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ ။ ကာမအာရုံ ခုံမင်သော သူတို့မှာ (ကာမာသဝ) ကာမအာရုံလဲ ပျက်စီးပြပါရော၊ သောက စသည် ဖြစ်တော့တာပါပဲ။

အသက်တန်းရှည်၍ ဘဝကို ခင်မင်သော(ဘဝါသဝ) ရှိသော နတ်တွေမှာ အနိစ္စ ဒုက္ခ စသော တရားသံကိုလဲ ကြားလိုက်ပါရော၊ စုတိနိမိတ်ထင်သလို ခြသေ့်၊ သစ်ကျား အနီးရောက်လာသလို ထိတ်လန့် တုန်လှုပ်ကြပြီး သောက စသည် ဖြစ်ကြတာပါပဲ။

http://www.dhammadownload.com



ဖြစ်က သင်္ခါရ စသည်လဲ ဖြစ်ကြဦးတော့မှာပဲ။

ဤကဲ့သို့ ဘဝစက်ကြီး သုံးပါးမှာ အမျှင်မပြတ် ဆက်စပ်လှည့်ပတ်ပြီး ဖြစ်ပျက်နေတာကို ပဋိစ္စသမုပ္ပါဒ်လို့ ခေါ်ပါသည်။

မေး။ ။ စက်ဝိုင်းအကွက်ကြီး လေးကွက်ထဲမှာ ကြည့်ပါက အစပ်ဘယ်နှစ်စပ် တွေ့ပါသလဲ။

ဖြေ။ ။ သုံးစပ် တွေ့ရပါသည်။

မေး။ ။ အစပ်သုံးစပ်ကို ရေတွက်ပြပါ။

ဖြေ။ ။ သင်္ခါရနှင့် ဝိညာဏ်မှာ တစ်စပ်၊ ဝေဒနာနှင့် တဏှာမှာ တစ်စပ်၊ ကမ္မဘဝနှင့် ဇာတိမှာ တစ်စပ် ပေါင်းသုံးစပ်ဖြစ်ပါသည်။

မေး။ ။ သင်္ခါရနှင့် ဝိညာဏ်အစပ်ကို ဘာအစပ်လို့ ခေါ်ပါသလဲ။

ဖြေ။ ။ (၁) နံပါတ် အစပ်လို့လဲ ခေါ်ပါသည်။

သေပြီးခဲ့သော အစပ်လို့လဲ ခေါ်ပါသည်။

ကေန်အစပ်လို့လဲ ခေါ်ပါသည်။

အတိတ်နှင့် ပစ္စုပ္ပန် အစပ်လို့လဲ ခေါ်ပါသည်။

သမုဒယသစ္စာနှင့် ဒုက္ခသစ္စာ အစပ်လို့လဲ ခေါ်ပါသည်။

မေး။ ။ ဝေဒနာနှင့် တဏှာအစပ်ကို ဘာအစပ်လို့ ခေါ်ပါသလဲ။

ဖြေ။ ။ (၂) နံပါတ်အစပ်လို့ ခေါ်ပါသည်။

ထွက်ရပ်လမ်း အစပ်လို့လဲ ခေါ်ပါသည်။

ပုဂ္ဂိုလ်ငဲ့ရင် အရှင်စပ်လို့လဲ ခေါ်ပါသည်။

ဓမ္မကိုငဲ့ရင် အသေစပ်လို့လဲ ခေါ်ပါသည်။

ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ အစပ်လို့လဲ ခေါ်ပါသည်။

ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန် အကြောင်းစပ်လို့လဲ ခေါ်ပါသည်။

မေး။ ။ ကမ္မဘဝနှင့် ဇာတိအစပ်ကို ဘာအစပ်လို့ ခေါ်ပါသလဲ။

ဖြေ။ ။ (၃) နံပါတ်အစပ်လို့ ခေါ်ပါသည်။

နောင်သေဆုံးရဦးမယ့် အစပ်လို့လဲ ခေါ်ပါသည်။

အနေကန် အစပ်လို့လဲ ခေါ်ပါသည်။

ပစ္စုပ္ပန် အကြောင်းနှင့် အနာဂတ် အကျိုးစပ်လို့လဲ ခေါ်ပါသည်။

သမုဒယသစ္စာနှင့် ဒုက္ခသစ္စာ အစပ်လို့လဲ ခေါ်ပါသည်။

http://www.dhammadownload.com



မေး။ ။ (၁) နံပါတ်အစပ်ကို ဖြတ်ရင် ရမှာလား။

ဖြေ။ ။ လွန်ခဲ့ပြီးသား ဖြစ်သောကြောင့် ဖြတ်လို့မရနိုင်တော့ပါ။

မေး။ ။ (၃) နံပါတ်အစပ်ကို ဖြတ်ရင်ကော ရနိုင်ပါ့မလား။

ဖြေ။ ။ မရောက်သေးသောကြောင့် ဖြတ်လို့ မရနိုင်ပါ။

မေး။ ။ ထွက်ရပ်လမ်းပေါက်ချင်ရင် ဘယ်အစပ်ကို ဖြတ်ရမှာလဲ။

ဖြေ။ ။ (၂) နံပါတ် အစပ်ကို ဖြတ်ရမှာပါ။

မေး။ ။ ဘုရားရှင်သည် ဘယ်အစပ်ကို ဖြတ်၍ ဘုရားဖြစ်ရပါသလဲ။

ဖြေ။ ။ (၂) နံပါတ် အစပ်ကို ဖြတ်နိုင်သောကြောင့် ဘုရားဖြစ်တော်မူတာပါ။

မေး။ ။ သောတာပန် စသည် ဖြစ်ချင်ကြရင် ဘယ်အစပ်ဖြတ်ရမှာလဲ။

ဖြေ။ ။ (၂) နံပါတ်အစပ်ကို ဖြတ်ရမှာ ဖြစ်ပါသည်။

မေး။ ။ ဘုရားရှင်သည် ဗောဓိပင်နှင့် ရွှေပလ္လင်ကြောင့် ဘုရားဖြစ်တာလား။

ဖြေ။ ။ မဟုတ်ပါ။ ဝေဒနာနှင့် တဏှာမကူးအောင် မဆက်အောင် ရှုပွားနိုင်သောကြောင့် ဘုရားဖြစ်တော်မူတာပါ။

မေး။ ။ ဝေဒနာနှင့် တဏှာမကူးအောင် ၎င်းနှစ်ပါးကြားကို ဘာသွင်းရမှာလဲ။

ဖြေ။ ။ မဂ်ဉာဏ်သွင်းရမှာ ဖြစ်ပါသည်။

မေး။ ။ သဏ္ဌာန်တော်ဘုရားနှင့် ဉာဏ်တော်ဘုရားကို ခွဲခြားပြပါ။

ဖြေ။ ။ ဗောဓိပင်နှင့် ရွှေပလ္လင်ပေါ်မှာ ပွင့်တော်မူတာက သဏ္ဌာန်တော်ဘုရားပါ။ ဉာဏ်တော်ဘုရား ဆိုတာက ဘုရားရှင်ရဲ့ ဝမ်းတော်ထဲမှာ နှလုံးသားထဲမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်များ ကိန်းတော်မူသွားတာကို ဆိုတာပါ။

မေး။ ။ ယောဂီများလည်း မဂ်ဖိုလ်နိဗ္ဗာန်ကို ရချင်ရင် အဘယ်အစပ်ဖြတ်ရမှာလဲ။

ဖြေ။ ။ ဝေဒနာနောက်က ဒိဋ္ဌိမကူးအောင် ဖြတ်နိုင်ရင် သောတပန် ဖြစ်မှာပါ။ ဝေဒနာ နောက်က တဏှာမကူးအောင် ဖြတ်နိုင်ရင် အနာဂါမ်ရဟန္တာ ဖြစ်မှာပါ။

မေး။ ။ ဝေဒနာပစ္စယာ တဏှာဆိုတာက ဘာကြောင့် ဖြစ်ရပါသလဲ။

ဖြေ။ ။ ကမ္မဋ္ဌာန်းနှင့်မြေဇာဆိုသလို သာသနာတွင်း အသိဉာဏ် မရရင် ဖြစ်နေမှာပါ။

မေး။ ။ ဝေဒနာပစ္စယာ တဏှာဆိုတာက ဘာကြောင့်ဖြစ်ရပါသလဲ။

ဖြေ။ ။ သာသနာတွင်းကြုံ ဆရာကောင်းဆည်းကပ်ပြီး ဝေဒနာရဲ့ ဖြစ်မှုပျက်မှု သဘောကို မြင်အောင် ရှုပွားနိုင်သောကြောင့် ဝေဒနာနောက်က တဏှာမကူးနိုင်တော့ဘဲ ဉာဏ်

http://www.dhammadownload.com



သာပေါ်ပါတော့သည်။

မေး။ ။ ပဋိစ္စသမုပ္ပါဒ် လည်လမ်းနှင့် လွတ်လမ်းကို ရှင်းပြပါ။

ဖြေ။ ။ မိမိတို့ရဲ့ ကာယအကြည်ရုပ်ပေါ်တွင် ဝေဒနာများ ပေါ်လာကြသောအခါ ဖြစ်ပျက်မြင်အောင် မရှုပွားနိုင်ကြရင် သုခဝေဒနာပေါ်လာလည်း (ချမ်းသာသထက် ချမ်းသာချင်သောကြောင့်) တဏှာဖြစ်လာမှာပါ။ ဒုက္ခဝေဒနာ ဖြစ်ပေါ်လာလည်း (ဩော် ဘယ်တော့များ ချမ်းသာသုခ ခံစားရမလဲ) ဆိုပြီး တဏှာဖြစ်ပေါ်လာတာပါပဲ။

ဥပေက္ခာဝေဒနာ ဖြစ်ပေါ်လာလည်း သုခဝေဒနာနှင့်အတူ တဏှာတရားက ဖြစ်ပေါ်ဦးမှာပဲ။ ဤကဲ့သို့ တဏှာတရားများ ဖြစ်ပေါ်လာပါက တဏှာကနေ ဥပါဒါန်၊ ဥပါဒါန်ကကမ္မဘဝဇာတိ စသည်ဖြစ်ကြပြီး ပဋိစ္စသမုပ္ပါဒ် လည်တော့တာပဲ။

မိမိတို့ရဲ့ ကာယအကြည်ရုပ်လွှာပေါ်မှာ ဖြစ်ပေါ်လာကြသော ဝေဒနာများကို ဖြစ်ပျက်မြင်အောင် ရှုပွားနိုင်ရင် တဏှာပေါ်ခွင့် မရတော့ဘဲ ချုပ်နေပါတယ်။

တဏှာချုပ်ပါက ဥပါဒါန်ကတွေလဲပဲ ချုပ်သွားသောကြောင့် ပဋိစ္စသမုပ္ပါဒ် ထွက်လမ်းသို့ ခေါ်ပါသည်။

မေး။ ။ သောတာပန်များ အဘယ်ပဋိစ္စသမုပ္ပါဒ်ကို ပယ်ပါသလဲ။

ဖြေ။ ။ ဒိဋ္ဌိပဋိစ္စသမုပ္ပါဒ်လို ပယ်ပါသည်။

မေး။ ။ သကဒါမ်များ အဘယ်ပဋိစ္စသမုပ္ပါဒ်ကို ပယ်ပါသလဲ။

ဖြေ။ ။ တဏှာပဋိစ္စသမုပ္ပါဒ်ကို အချိုးကျအားဖြင့်ပယ်ပါသည်။

မေး။ ။ အနာဂါမ်များ အဘယ်ပဋိစ္စသမုပ္ပါဒ်ကို ပယ်ပါသလဲ။

ဖြေ။ ။ တဏှာပဋိစ္စသမုပ္ပါဒ်၊ ဒေါသပဋိစ္စသမုပ္ပါဒ်ကို အကြွင်းမရှိ ပယ်ပါသည်။

မေး။ ။ ရဟန္တာပုဂ္ဂိုလ်များ အဘယ်ပဋိစ္စသမုပ္ပါဒ်ကို ပယ်ပါသလဲ။

ဖြေ။ ။ တဏှာပဋိစ္စသမုပ္ပါဒ်၊ ဒေါသပဋိစ္စသမုပ္ပါဒ်၊ မောဟပဋိစ္စသမုပ္ပါဒ် များကို အကြွင်းမရှိ (အငွေ့အသက်ပါ) မကျန်ရအောင် ပယ်ကြပါသည်။

မေး။ ။ အစပ်သုံးပါးကို သဘောပေါက်ပါရင် ဒိဋ္ဌိဘယ်နှစ်မျိုး ပြုတ်ပါသလဲ။

ဖြေ။ ။ ဒိဋ္ဌိ သုံးမျိုးပြုတ်ပါသည်။

မေး။ ။ ဒိဋ္ဌိ သုံးမျိုးပြုတ်ပုံကို ရှင်းပြပါ။

ဖြေ။ ။ ပထမအစပ်ကိုသိရင် ဒိဋ္ဌိသုံးမျိုးပြုတ်ပုံကို အရင်ရှင်းပြပါမယ်။

သင်္ခါရ ပစ္စယာ ဝိညာဏံ လို့စပ်သွားခြင်းသည် ပထမအစပ်ပါ။ ကုသိုလ်ပြုခြင်း

ဆိုသော သင်္ခါရစေတနာကြောင့် ဝိညာဏ်တွေ ရရှိလာကြတာပါ။ ထိုသို့ ဝိညာဏ်

http://www.dhammadownload.com



ရရှိလာရာ၌ သင်္ခါရစေတနာက ချုပ်ပြီးမှသာလျှင် ဝိညာဏ်ဖြစ်ပေါ်ရတာပါ။ သင်္ခါရစေတနာက ချုပ်သွားပါသော်လဲ သင်္ခါရပစ္စယာဆိုသော ပစ္စယသတ္တိက (ငါတော့ ပျက်ရတော့မယ်၊ ငါ့နေရာမှာ မင်းအစားထိုးပြီး နေရစ်) လို့ ဝိညာဏ်ကို ပြောသကဲ့သို့ ကျေးဇူးပြုခဲ့ပါတယ်။ သင်္ခါရက ကျေးဇူးမပြုရင် ဝိညာဏ်ပေါ်ခွင့်မရနိုင်ပါ။ သို့အတွက် သင်္ခါရ အကြောင်းခံသောကြောင့်သာ ဝိညာဏ်ပေါ်ရတာပါ။ ထိုသို့ပေါ်သော်လဲ သင်္ခါရစေတနာဆိုသော အထည်ကြီးသည် မပျောက်ပျက်ဘဲနှင့် ဝိညာဏ်ရောက်အောင် လိုက်လာတာ မဟုတ်ပါ။ သင်္ခါရအကြောင်း ကင်းပြီးတော့လဲ ဝိညာဏ်မဖြစ်နိုင်ပါ။

**မေး။** ။ ဤကဲ့သို့ သဘောပေါက်ရင် ဘာတွေဆက်ဖြစ်တတ်ပါသလဲ။

**ဖြေ။** ။ သင်္ခါရစေတနာ အထည်ကြီးက မပျောက်ပျက်ဘဲ ဝိညာဏ်ရောက်အောင် ရောက်လာတယ် ယူမိရင် သဿတဒိဋ္ဌိ ဖြစ်ပါသည်။ ဝိညာဏ်သည် သင်္ခါရစေတနာ အထည်ကြီးနှင့် အကြောင်းအကျိုးဆက်စပ်မှု လုံးဝမရှိဟု ယူရင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပါသည်။ ကုသိုလ်ပြုတာလဲငါပဲ၊ ဝိညာဏ်ရလာတာလဲ ငါပဲယူရင် သက္ကာယဒိဋ္ဌိ ဖြစ်ပါသည်။

**မေး။** ။ ဘယ်လိုမြင်မှ ဘယ်လိုယူမှ ဒိဋ္ဌိတွေပြုတ်မှာလဲ။

**ဖြေ။** ။ ကုသိုလ်ပြုတာလဲ ငါမဟုတ် စေတနာပဲ၊ ဝိညာဏ်ဟာလဲ ငါမဟုတ် နာမ်တရားပဲလို့ အမှန်မြင်ရင် သက္ကာယဒိဋ္ဌိ ပြုတ်ပါသည်။

သင်္ခါရ စေတနာသည် အထည်ကြီး ပျက်စီးပြီးသောအခါကျမှ ဝိညာဏ်ဖြစ်ရတာပဲ၊ သင်္ခါရလဲ မခိုင်မြဲဘူး။ ဝိညာဏ် မခိုင်မြဲဟု မခိုင်မြဲပုံကိုမြင်ရင် သဿတဒိဋ္ဌိ ပြုတ်ပါသည်။

သင်္ခါရ စေတနာသည် မခိုင်မြဲသော်လဲ သတ္တိသဘောအားဖြင့် ဝိညာဏ်ပေါ်ဖို့ ကျေးဇူးပြုခဲ့တယ်လို့ အမှန်မြင်ရင် သိရင် ဥစ္ဆေဒဒိဋ္ဌိ ပြုတ်ပါသည်။

**မေး။** ။ ဒုတိယ အစပ်ကို သဘောပေါက်ရင်လဲ ဒိဋ္ဌိဘယ်နှစ်မျိုး ပြုတ်ပါသလဲ။

**ဖြေ။** ။ သုံးမျိုးပဲပြုတ်ပါသည်။

**မေး။** ။ ဒိဋ္ဌိသုံးမျိုးပြုတ်ပုံကို ရှင်းပြပါ။

**ဖြေ။** ။ ဝေဒနာ ပစ္စယာ တဏှာ ဆိုသော ဒုတိယအစပ်မှာ–

ဝေဒနာပျက်ပြီးမှ တဏှာဖြစ်တာကို သိရင် သဿတဒိဋ္ဌိ ပြုတ်ပါသည်။

ဝေဒနာပျက်ပြီး တဏှာအစားထိုးတာကို သိသဖြင့် ဥစ္ဆေဒဒိဋ္ဌိ ပြုတ်ပါသည်။

http://www.dhammadownload.com



ခံစားမှုဟာ ငါမဟုတ် ဝေဒနာပဲ၊ လိုချင်မှုဟာ ငါမဟုတ် တဏှာပဲလို့ သိသဖြင့်လဲ သက္ကာယဒိဋ္ဌိ ပြုတ်ပါသည်။

မေး॥ ॥ နှစ်ရပ်မူလကို ပြောပြပါ။

ဖြေ॥ ॥ တဏှာအဝိဇ္ဇာသည် နှစ်ရပ်မူလ ဖြစ်ပါသည်။

မေး॥ ॥ အဝိဇ္ဇာကို ဘာစက်လို့ ခေါ်ပါသလဲ။

ဖြေ॥ ॥ ပုဗ္ဗန္တ ဘဝစက်လို့ ခေါ်ပါသည်။

မေး॥ ॥ တဏှာကို ဘာစက်လို့ ခေါ်ပါသလဲ။

ဖြေ॥ ॥ အပရန္တ ဘဝစက်လို့ ခေါ်ပါသည်။

မေး॥ ॥ ပုဗ္ဗန္တဘဝစက်ဖြစ်သော အဝိဇ္ဇာသည် အင်္ဂါဘယ်နှစ်ပါး ဆောင်ပါသလဲ။

ဖြေ॥ ॥ အင်္ဂါခုနစ်ပါး ဆောင်ပါသည်။

မေး॥ ॥ အင်္ဂါခုနစ်ပါးဆောင်ပုံကို ဆက်ရှင်းပြပါ။

ဖြေ॥ ॥ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် သဠာယတန၊ သဠာယတနကြောင့် ဖဿ၊ ဖဿကြောင့် ဝေဒနာဖြစ်ပါသည်။

မေး॥ ॥ ဝေဒနာကနေ အဘယ်တရားကို လှည့်ပြီး ကျေးဇူးပြုပါသလဲ။

ဖြေ॥ ॥ ဝေဒနာကနေ အဝိဇ္ဇာကို ကျေးဇူးပြုပြန်ပါသည်။
ဝေဒနာပစ္စယာ အဝိဇ္ဇာကို လှည့်ခွေပါသည်။

မေး॥ ॥ အဘယ်ကြောင့် ဝေဒနာကနေ အဝိဇ္ဇာကို ဆက်ကျေးဇူးပြုပါသလဲ။

ဖြေ॥ ॥ ဝေဒနာကြောင့် တဏှာဖြစ်သောအခါ အဝိဇ္ဇာလည်း ဖြစ်ပါသည်။ ထို့ကြောင့် ဝေဒနာပစ္စယာ အဝိဇ္ဇာဟု လှည့်ခွေပါသည်။

မေး॥ ॥ ပုဗ္ဗန္တဘဝစက်မှာ မျက်မြင်အားဖြင့် အင်္ဂါခုနစ်ပါးသာ မြင်ရပါသည်။ ဤအင်္ဂါခုနစ်ပါးမျှဖြင့် သံသရာလည်ပါသလား။

ဖြေ॥ ॥ မဟုတ်ပါ၊ အဝိဇ္ဇာသင်္ခါရကိုမြင်ရင် အတူဖြစ်ဖက်ဖြစ်သော တဏှာဥပါဒါန် ဘဝကို လဲယူရပါသည်။ (ကိလေသာချင်း ကံချင်းတူလို့ပါ) ဤသို့ ယူလိုက်ပါက အတိတ်အကြောင်း ငါးပါးရပါသည်၊ ဝိညာဏ်၊နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုသော ဒြပ်ငါးပါးကိုမြင်ရရင် ဇာတိ၊ ဇရာ၊ မရဏဆိုသော ဂုဏ်နှစ်ပါးကိုလဲ ယူရပါသေးသည်။ (ဒြပ်နှင့်ဂုဏ် ခွဲမနေသောကြောင့်)

သို့အတွက် ပစ္စုပ္ပန်မှာ အင်္ဂါ ၇ ပါးဖြင့် အင်္ဂါ ၁၂ ပါးစလုံး စုံပြီးတော့ လည်

http://www.dhammadownload.com



ပါသည်။

**မေး။** ။ ပုဗ္ဗန္တဘဝစက်သည် ဘယ်ဘဝနှင့် ဘယ်ဘဝကို ဆက်သွယ်ပေးပါသလဲ။

**ဖြေ။** ။ အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝကို ဆက်သွယ်ပေးပါသည်။

**မေး။** ။ အပရန္တဘဝစက်ဖြစ်သော တဏှာသည် အင်္ဂါဘယ်နှစ်ပါးထိအောင် ဆောင်ပါသလဲ။

**ဖြေ။** ။ အင်္ဂါ ၅ ပါးထိအောင် ဆောင်ပါသည်။

**မေး။** ။ အင်္ဂါ ၅ ပါးထိအောင် ဆောင်ပုံကို ဆက်ရှင်းပြပါ။

**ဖြေ။** ။ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ၊ ဘဝကြောင့် ဇာတိ၊ ဇာတိကြောင့် ဇရာမရဏထိအောင် ဆောင်ပါသည်။

**မေး။** ။ ဇရာမရဏကနေ အဘယ်တရားကိုလှည့်ပြီး ကျေးဇူးပြုပါသလဲ။

**ဖြေ။** ။ ဇရာမရဏကနေ တဏှာကိုလှည့်ပြီး ကျေးဇူးပြုပါသည်။ ဇရာမရဏ ပစ္စယာတဏှာ လို့ လှည့်ခွေပါသည်။

**မေး။** ။ အဘယ်ကြောင့် ဇရာမရဏကနေ တဏှာကို ဆက်ကျေးဇူးပြုပါသလဲ။

**ဖြေ။** ။ လောကလူသားတွေ ဇရာမရဏ ဖြစ်ကြသောအခါမှာ နုပျိုသူ အသက်ရှည်လိုသော ကာမာသဝတဏှာလည်း ဖြစ်ကြပါသည်။ ထို့ကြောင့် ဇရာမရဏ ပစ္စယာတဏှာဟု လှည့်ခွေပါသည်။

**မေး။** ။ အပရန္တဘဝစက်သည် မျက်မြင်အားဖြင့် အင်္ဂါ ၅ ပါးမျှကိုသာ မြင်ရပါသည်။ အင်္ဂါ ၅ ပါးမျှဖြင့် သံသရာလည်ပါသလား။

**ဖြေ။** ။ မဟုတ်ပါ။ တဏှာဥပါဒါန်ဘဝကို မြင်ရင် အတူဖြစ်ဘက် ဖြစ်သော အဝိဇ္ဇာနှင့် သင်္ခါရကိုလည်း ယူရပါသေးသည်။

ဇာတိနှင့် မရဏဆိုသော ဂုဏ် ၂ ပါးကိုမြင်ရင် မကောင်းကောင်းသော (ခွဲမရသော) ဝိညာဏ်စသော ဒြပ် ၅ ပါးကိုလည်း ယူရပါသေးသည်။ ပစ္စုပ္ပန် အင်္ဂါ ၅ ပါး အနာဂတ် ၇ ပါးဖြင့် အင်္ဂါ ၁၂ ပါးစုံပြီး သံသရာလည်ပါသည်။

**မေး။** ။ အပရန္တဘဝစက်သည် ဘယ်ဘဝနှင့် ဘယ်ဘဝကို ဆက်သွယ် ပေးပါသလဲ။

**ဖြေ။** ။ ပစ္စုပ္ပန်ဘဝနှင့် အနာဂတ်ဘဝကို ဆက်သွယ်ပေးပါသည်။

**မေး။** ။ သံသရာ တစ်လျှောက်လုံး မဂ်ဖိုလ် နိဗ္ဗာန်မရခဲ့တာ ဘာကြောင့်ပါလဲ။

**ဖြေ။** ။ ဤဘဝစက်နှစ်ပါးကို မဖြတ်နိုင်ခဲ့သောကြောင့် မဂ်ဖိုလ် နိဗ္ဗာန်မရခဲ့တာပါ။

**မေး။** ။ ဤဘဝစက်နှစ်ပါးကို အဘယ်တရားဖြင့် ဖြတ်ရမှာလဲ။

**ဖြေ။** ။ မူလ်ပညာယဆိန္နထလို့ ဘုရားရှင် ဟောကြားခဲ့သောကြောင့် ဝိပဿနာပညာ

http://www.dhammadownload.com



မဂ်ပညာတို့ဖြင့် ဖြတ်ကြရမှာပါ။

မေး။ ။ ဆုတောင်းရုံနှင့် မဂ်ဉာဏ်များ ရနိုင်ပါသလား။

ဖြေ။ ။ မရနိုင်ပါ။ ကျင့်ကြံကြိုးစား ပွားများအားထုတ်မှ ရနိုင်ပါသည်။

မေး။ ။ ဝဋ်သုံးဝနှင့် လက်ာအရ ဝဋ်သုံးပါးကို ပြောပြပါ။

ဖြေ။ ။ ကိလေသာဝဋ်သုံးပါး၊ ကမ္မဝဋ်နှစ်ပါး၊ ဝိပါကဝဋ်ရှစ်ပါး ဖြစ်ပါသည်။

မေး။ ။ ကိလေသာဝဋ် သုံးပါးကို ခွဲပြပါ။

ဖြေ။ ။ အဝိဇ္ဇာတဏှာ ဉပါဒါန်ပေါင်း သုံးပါး ဖြစ်ပါသည်။

မေး။ ။ ကမ္မဝဋ်နှစ်ပါး ခွဲပြပါ။

ဖြေ။ ။ သင်္ခါရနှင့် ကမ္မဘဝပေါင်း နှစ်ပါးဖြစ်ပါသည်။

မေး။ ။ ဝိပါကဝဋ် ၈ ပါး ခွဲပြပါ။

ဖြေ။ ။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဉပပတ္တိဘဝ၊ ဇရာမရဏ ပေါင်း ၈ ပါး ဖြစ်ပါသည်။

မေး။ ။ ဤစက်ဝိုင်း ဒေသနာကြီးမှာ အင်္ဂါအားဖြင့် ရေတွက်သော အခါ အင်္ဂါ ၁၂ ပါးမျှသာ ဖြစ်ပါလျက် ဝဋ်အားဖြင့် ရေတွက်ကြသောအခါ အင်္ဂါ ၁၃ ပါး ဘာကြောင့် ဖြစ်နေပါသလဲ။ ရှင်းပြပါ။

ဖြေ။ ။ အင်္ဂါအားဖြင့် ရေတွက်ကြသောအခါ ဘဝကို ၁စ်မျိုးတည်းထားပြီး ရေတွက်ရသောကြောင့် အင်္ဂါ ၁၂ ပါးသာ ရှိသော်ငြားလည်း ဝဋ်အားဖြင့် ရေတွက်ကြသောအခါ ဘဝက နှစ်မျိုးပြားသွားပါသည်။ ထိုဘဝနှစ်မျိုးတို့တွင် ကမ္မဘဝက ကမ္မဝဋ်ထဲမှာ ပါ၍ ဉပပတ္တိဘဝက ဝိပါက ဝဋ်ထဲမှာ ပါသွားပါသည်။ သို့အတွက် ဝဋ်အားဖြင့် ရေတွက်စဉ်မှာ အင်္ဂါ ၁၃ ပါး ဖြစ်နေတာပါ။ သို့သော် ဘဝနှစ်ပါးကို ပြန်ပေါင်းပြီး ရေတွက်ရင် အင်္ဂါ ၁၂ ပါးပဲ ပြန်ဖြစ်ပါသည်။

မေး။ ။ ဝဋ်သုံးပါးကို အကြောင်းဝဋ် အကျိုးဝဋ် ခွဲခြား၍ပြပါ။

ဖြေ။ ။ ကိလေသာဝဋ် သုံးပါးနှင့် ကမ္မဝဋ် ၂ ပါးသည် အကြောင်းဝဋ် ၅ ပါး ဖြစ်ပါသည်။ ဝိပါကဝဋ် ၈ ပါးသည် အကျိုးဝဋ် ၈ ပါး ဖြစ်ပါသည်။

မေး။ ။ နိဗ္ဗာန်ရောက်ချင်ရင် ဘာမှကျွတ်အောင် ကြိုးစားရမှာလဲ။

ဖြေ။ ။ ဝဋ်သုံးပါးကျွတ်အောင် ကြိုးစားရပါသည်။

မေး။ ။ ကိလေသာဝဋ် သုံးပါးရှိရင် နိဗ္ဗာန်ရောက်နိုင်ပါ့မလား။

ဖြေ။ ။ မရောက်နိုင်ပါ။ ဘာကြောင့်လဲဆိုရင် ကိလေသာဆိုတာ အပူဓာတ်ပါ။ အပူဓာတ်

http://www.dhammadownload.com



ကို အအေးနိဗ္ဗာန်က လက်မခံပါ။ သို့အတွက်–
နိဗ္ဗာန်ရောက်ချင်ရင် ကိလေသာဝဋ်ကိုလည်းကျွတ်အောင် ကြိုးစားရပါသည်။

**မေး**။ ။ ကမ္မဝဋ်နှစ်ပါးရှိနေရင်လည်း နိဗ္ဗာန်ရောက်နိုင်ပါမလား။

**ဖြေ**။ ။ မရောက်နိုင်ပါ။ ဘာကြောင့်ဆိုရင် ကမ္မဝဋ်ဆိုတာသည် စေတနာကံ ဖြစ်ပါသည်။ စေတနာကံရှိနေရင် သူက ဘဝတွေမှာလှည့်ပြီး အကျိုးပေးနေဦးမှာပဲ။ အကျိုးပေးနေရင် နိဗ္ဗာန်မရောက်နိုင်သေးပါ။ နိဗ္ဗာန်ဆိုတာက အကုသိုလ်ကံလဲကုန်မှ၊ ကုသိုလ်ကံလဲကုန်မှ ရောက်နိုင်တာမျိုးပါ။ သို့အတွက် ကမ္မဝဋ် မကုန်သေးရင် နိဗ္ဗာန် မရောက်နိုင်သေးပါ။

**မေး**။ ။ ဝဋ်ကျွတ်စေချင်ရင် ဘုရားမှာ ဆုတောင်းရမှာလား၊ ဘာကိုလုပ်ရမှာလဲ။

**ဖြေ**။ ။ ဆုတောင်းရုံနှင့် ဝဋ်မကျွတ်နိုင်ပါ။

ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးရဲ့ အပေါ်မှာ အနိစ္စ, ဒုက္ခ, အနတ္တမြင်အောင် (ဝါ) ဖြစ်ပျက်မြင်အောင် ရှုပွားပေးရပါသည်။ ဤကဲ့သို့ ရှုပွားပေးကြလို့ ဖြစ်ပျက်မြင် ဖြစ်ပျက်မုန်း ဖြစ်ပျက်ဒုက္ခကြီး အကြွင်းမရှိ ချုပ်ငြိမ်းသွားမယ်ဆိုရင် နောင်ခန္ဓာလောက ဝိပါကဝဋ်ကြီးမှ ကျွတ်လွတ်သွားတာဖြစ်ပါသည်။

**မေး**။ ။ ကုသိုလ်ကောင်းမှုပြုတိုင်း ဝဋ်ကျွတ်ရာနိဗ္ဗာန်ရောက်ပါ့မလား။

**ဖြေ**။ ။ မရောက်နိုင်ပါ။ အချို့သောသူများက ကုသိုလ်ကောင်းမှုပြုကြသော်လဲ လူ့နတ်ချမ်းသာ ရည်မှန်းပြီး ပြုကြပါသည်။ ဤသို့ပြုခဲ့သော် ၎င်းသူများသည် လူနတ်ခန္ဓာတွေရဲ့ အပေါ်မှာ ဒုက္ခသစ္စာသဘောကို မမြင်ကြပါဘူး။ မမြင်တော့ လူ့နတ်ချမ်းသာကို လိုချင် ရချင်ကြပါသည်။ စွဲလမ်းကြပါသည်။ လူ့နတ်ချမ်းသာ ရည်မှန်းပြီး ကုသိုလ်ကံတွေ ပြုကြပါသည်။ ထိုကဲ့သို့ပြုခဲ့ကြသော သစ္စာမသိမှုက အဝိဇ္ဇာ၊ လိုချင်မှုက တဏှာ၊ စွဲလမ်းမှုက ဥပါဒါန်၊ ကုသိုလ်ပြုမှုက ကံဆိုပြီး အကြောင်းဝဋ် ၅ ပါးသည် သမုဒယ သစ္စာကို တည်ထောင်မိပါက အကျိုးဝဋ် ၈ ပါး ဝိပါက ဝဋ်ကြီးကိုပဲ ရကြတော့မှာပါ။ နိဗ္ဗာန်တော့ မရနိုင်ကြပါ။

**မေး**။ ။ ယောဂီတို့– အခုရထားသော ခန္ဓာငါးပါးဟာ ဘာဝဋ်ဖြစ်ကြပါသလဲ။

**ဖြေ**။ ။ ဝိပါကဝဋ်ကြီးဖြစ်ပါသည်။

**မေး**။ ။ အတိတ်တုန်းက ဘယ်ဝဋ်တွေ ကြိုးစားခဲ့လို့ပါလဲ။

**ဖြေ**။ ။ ကိလေသာဝဋ် အကြောင်းခံပြီး ကမ္မဝဋ်ကြိုးစားခဲ့မိပါသည်။

http://www.dhammadownload.com

မေး။ ။ ဝိပါကဝဋ်သဘောကိုပြောပြပါ။

ဖြေ။ ။ ဝိပါက(ဝဋ်) အကျိုးပေး ဝဋ္ဋက လုံးလည်ခတ်နေတာကို ဆိုပါသည်။

မေး။ ။ ကုသိုလ်ကောင်းမှု ပြုကြသောအခါ ဘယ်လိုရည်မှန်းပြီးပြုမှ ဝဋ်ကျွတ်ပါသလဲ။

ဖြေ။ ။ ဤခန္ဓာဝန် ဝိပါကဝဋ် ဒုက္ခသစ္စာကို ရွံ့ခြင်း မုန်းခြင်း ငြီးငွေ့ခြင်း မလိုချင်ခြင်း ပြင်းပြပါသဖြင့် ဝိပါကဝဋ် မရှိရာဖြစ်သော နိဗ္ဗာန်ကို လိုချင် ရချင်သောကြောင့် လှူဒါန်းပေးကမ်းပါတယ်ဆိုရင် ဝဋ်ကျွတ်သော အလှူဖြစ်ပါသည်။

မေး။ ။ ကာလသုံးဖြာလင်္ကာအရ ကာလသုံးပါးကို ခွဲခြားပြောပြပါ။

ဖြေ။ ။ လွန်လေပြီးသော အတိတ်ကာလ၊ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၊ နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလအားဖြင့် သုံးပါးဖြစ်ပါသည်။

မေး။ ။ အင်္ဂါ ၁၂ ပါးကို ကာလသုံးပါးဖြင့် တွဲစပ်ပြပါ။

ဖြေ။ ။ အဝိဇ္ဇာ သင်္ခါရ အင်္ဂါနှစ်ပါးသည် အတိတ်ကာလ ဖြစ်ပါတယ်။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ ဤအင်္ဂါ ၈ ပါးသည် ပစ္စုပ္ပန်ကာလ ဖြစ်ပါသည်။ ဇာတိ ဇရာ မရဏ အင်္ဂါ ၂ ပါးသည် အနာဂတ်ကာလ ဖြစ်ပါသည်။

မေး။ ။ အတိတ်အင်္ဂါ ၂ ပါးကို ဘာသစ္စာလို့ ခေါ်ပါသလဲ။

ဖြေ။ ။ သမုဒယသစ္စာလို့ ခေါ်ပါသည်။

မေး။ ။ ပစ္စုပ္ပန် အကျိုးအင်္ဂါ ၅ ပါးကို ဘာသစ္စာလို့ ခေါ်ပါသလဲ။

ဖြေ။ ။ ဒုက္ခသစ္စာလို့ ခေါ်ပါသည်။

မေး။ ။ ပစ္စုပ္ပန်အကြောင်း အင်္ဂါသုံးပါးကို ဘာသစ္စာလို့ ခေါ်ပါသလဲ။

ဖြေ။ ။ သမုဒယသစ္စာလို့ ခေါ်ပါသည်။

မေး။ ။ အနာဂတ် အကျိုးအင်္ဂါ ၂ ပါးကို ဘာသစ္စာလို့ ခေါ်ပါသလဲ။

ဖြေ။ ။ ဒုက္ခသစ္စာလို့ ခေါ်ပါသည်။

မေး။ ။ ကာလဆိုသောတရားသည် လူနတ်ဗြဟ္မာသတ္တဝါတွေကို ချမ်းသာပေးမှာလား။ ဘာလုပ်တတ်ပါသလဲ။

ဖြေ။ ။ အမှန်သဘောပြောရမယ်ဆိုရင် ကာလဆိုသော တရားသည် ကျေးဇူးရှင် မဟုတ်ပါ။ သတ္တဝါတွေကို သတ်ဖြတ်နေသော သေမင်းကြီးသာ ဖြစ်ပါသည်။

http://www.dhammadownload.com



မေး॥ ॥ ယောဂီတို့ရဲ့ ဘိုးဘွားမိဘတွေများ ဘယ်သူ့ လက်အောက်မှာ အသက်ပျောက်ကုန်ကြပါသလဲ။

ဖြေ॥ ॥ ကာလလက်အောက်မှာ အသက်ပျောက်ကုန်တာပါ။

မေး॥ ॥ ယောဂီတို့ မွေးထားကြသော သားသမီးများနှင့် ယောဂီတို့လဲ တစ်နေ့သော အခါကျရင် ဘယ်သူ့လက်အောက်မှာ အသက်ပျောက်ကြရဦးမှာလဲ။

ဖြေ॥ ॥ ကာလလက်အောက်မှာပဲ အသက်ပျောက်ကြရဦးမှာပါ။

မေး॥ ॥ ဘုရားလောင်း ပညာရှိက ဘယ်လိုများ ဟောကြားထားခဲ့ပါသလဲ။

ဖြေ॥ ॥ ကာလောဃသတိဘူတာနိ၊ သဗ္ဗာနေဝသဟတ္တနာ။

ယောစကာလဃသောဘူတော၊ သဘူတပစနိံ ပစိဟု ဟောခဲ့ပါသည်။

ကာလေ နေ့ညဉ့်၊ မာသစသည် အပြားကာလများတို့သည်။ ဘူတာနိ၊ မူးလိုက်၊ ရူးလိုက် အထူးကြိုက်သည့် လူမိုက်တို့ကို အတ္တနာ၊ မိမိနှင့်၊ သဟ၊ အတူတကွ။ သဗ္ဗာနေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော သတ္တဝါတို့ကို။ ဃသတိ၊ နေ့နေ့ညည၊ ကာလမခြား ခဲစားလျက်နေပေ၏။

စ၊ မခဲစားနိုင်သည်ကား၊ ယောဘူတော၊ အကြင်ရဟန္တာပုဂ္ဂိုလ်သည်၊ ကာလဃသော ကာလကိုပေ၊ ခဲစားလေ၏။ သဘောဘူတော၊ ထိုရဟန္တာပုဂ္ဂိုလ်သည်၊ ဘူတာပစနိံ၊ သတ္တဝါအပေါင်းကို ကျက်စေတတ်သော တရားကို(ဝါ) ချက်တတ်သော တရားကို၊ ဉာဏဂ္ဂိနာ ဉာဏ်တည်းဟူသော မီးဖြင့်၊ ပစိ ကျက်စေပြီး(ဝါ)ချက်ပြီး။

မေး॥ ॥ ဘယ်ပုဂ္ဂိုလ်ဖြစ်မှ ကာလလက်အောက်မှ လွတ်မြောက်မှာလဲ။

ဖြေ॥ ॥ ရဟန္တာ ပုဂ္ဂိုလ်ဖြစ်မှ ကာလလက်အောက်မှ လွတ်မြောက်မှာပါ။

မေး॥ ॥ ရဟန္တာပုဂ္ဂိုလ်မြတ်ဖြစ်အောင် အဘယ်တရားတွေအပေါ်မှာ ရှုပွားရမှာလဲ။

ဖြေ॥ ॥ ခန္ဓာငါးပါးတရားရဲ့ အပေါ်မှာ ဖြစ်ပျက် မြင်အောင် မုန်းအောင် ဆုံးအောင် ရှုပွားပေးပါက ရဟန္တာပုဂ္ဂိုလ် ဖြစ်နိုင်ပါသည်။

မေး॥ ॥ ခြင်းရာနှစ်ဆယ်လက်ာအရ ခြင်းရာနှစ်ဆယ်ကို ရေတွက်ပြပါ။

ဖြေ॥ ॥ အတိတ်အကြောင်း အခြင်းအရာငါးပါး၊ ပစ္စုပ္ပန်အကျိုးအခြင်းရာငါးပါး၊ ပစ္စုပ္ပန်အကြောင်းခြင်းရာ ငါးပါး၊ အနာဂတ် အကျိုးအခြင်းအရာ ငါးပါး ပေါင်း နှစ်ဆယ်ဖြစ်ပါသည်။

http://www.dhammadownload.com



မေး။ ။ အတိတ်အကြောင်းအခြင်းအရာ ငါးပါးကို ကာလအားဖြင့် လည်းကောင်း၊ အလွှာအားဖြင့် လည်းကောင်း၊ သစ္စာအားဖြင့် လည်းကောင်း ဝေဖန်ပြပါ။

ဖြေ။ ။ ကာလအားဖြင့် အတိတ်ကာလ ဖြစ်ပါသည်။
အလွှာအားဖြင့် အတိတ်အကြောင်းအလွှာ ဖြစ်ပါသည်။
သစ္စာအားဖြင့် သမုဒယသစ္စာ ဖြစ်ပါသည်။

မေး။ ။ ပစ္စုပ္ပန်အကျိုးတစ်လွှာကိုလဲ ဝေဖန်ပြပါ။

ဖြေ။ ။ ကာလအားဖြင့် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ ဖြစ်ပါသည်။
အလွှာအားဖြင့် ပစ္စုပ္ပန် အကျိုးအလွှာ ဖြစ်ပါသည်။
သစ္စာအားဖြင့် ဒုက္ခသစ္စာ ဖြစ်ပါသည်။

မေး။ ။ ပစ္စုပ္ပန်အကြောင်းတစ်လွှာကိုလဲ ဝေဖန်ပြပါ။

ဖြေ။ ။ ကာလအားဖြင့် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ ဖြစ်ပါသည်။
အလွှာအားဖြင့် ပစ္စုပ္ပန်အကြောင်းအလွှာ ဖြစ်ပါသည်။
သစ္စာအားဖြင့် သမုဒယသစ္စာ ဖြစ်ပါသည်။

မေး။ ။ အနာဂတ် အကျိုးတစ်လွှာကို ဝေဖန်ပြပါ။

ဖြေ။ ။ ကာလအားဖြင့် အနာဂတ်ကာလ ဖြစ်ပါသည်။
အလွှာအားဖြင့် အနာဂတ်အကျိုးတစ်လွှာ ဖြစ်ပါသည်။
သစ္စာအားဖြင့် ဒုက္ခသစ္စာ ဖြစ်ပါသည်။

မေး။ ။ ပစ္စုပ္ပန်အကျိုး အခြင်းအရာ ငါးပါးကို ဘာကြောင့် ရနေကြပါသလဲ။ သိကြား ဗြဟ္မာ ထာဝရဘုရားက ဖန်ဆင်းလို့ ရနေကြတာလား။

ဖြေ။ ။ မဟုတ်ပါ။ အတိတ်အကြောင်းအခြင်းအရာ ငါးပါးကို ကြိုးစားခဲ့မိသောကြောင့် ရနေကြတာပါ။

မေး။ ။ ပစ္စုပ္ပန် အကျိုးအခြင်းအရာ ငါးပါးသည် လူလား၊ နတ်လား၊ ဗြဟ္မာလား။

ဖြေ။ ။ မဟုတ်ပါ။ ဒုက္ခသစ္စာမျှသာ ဖြစ်ပါသည်။

မေး။ ။ အတိတ်အကြောင်း အခြင်းအရာ ငါးပါးကြောင့်သာ ပစ္စုပ္ပန်အကျိုး အခြင်းအရာ ငါးပါး ဖြစ်ရတာပဲလို့ သိရင် အဘယ်တရား စင်သွားပါသလဲ။

ဖြေ။ ။ ယုံမှားခြင်း သံသယ စင်သွားပါသည်။

http://www.dhammadownload.com



မေး။ ။ ပစ္စုပ္ပန် အကျိုးအခြင်းအရာ ငါးပါးကို ဒုက္ခသစ္စာသာ ဖြစ်တာပဲလို့ သိရင် အဘယ် တရား ပြတ်ပါသလဲ။

ဖြေ။ ။ သက္ကာယဒိဋ္ဌိ ပြတ်ပါသည်။

မေး။ ။ ပစ္စုပ္ပန် အကျိုးအခြင်းအရာ ငါးပါးကို ဒုက္ခသစ္စာသာ ဖြစ်တာပဲလို့ အမှန်မသိရင် ဘယ်တရားတွေ ထပ်ပြီးကြိုးစားရဦးမှာပဲ။

ဖြေ။ ။ ပစ္စုပ္ပန် အကြောင်းအခြင်းအရာ ငါးပါးကို ထပ်ပြီး ကြိုးစားကြဦးမှာပါ။

မေး။ ။ ပစ္စုပ္ပန် အကြောင်းအခြင်းအရာ ငါးပါးကို ထပ်ကြိုးစားကြရင် အဘယ်တရားတွေ ပြန်ရကြဦးမှာလဲ။

ဖြေ။ ။ အနာဂတ် အကျိုးအခြင်းအရာ ငါးပါးကို ပြန်ပြီးရကြဦးမှာပါ။

မေး။ ။ အနာဂတ် အကျိုးအခြင်းရာ ငါးပါးရဲ့အပေါ်မှာ ဒုက္ခသစ္စာပဲလို့မသိရင် အဘယ်တရား တွေ ပြန်ပေါက်ပွားဦးမှာလဲ။

ဖြေ။ ။ အတိတ်အကြောင်းအခြင်းအရာ ငါးပါ· ထပ်ပြီး ပေါက်ပွားဦးမှာပါ။

မေး။ ။ ဤကဲ့သို့ ထပ်ပေါက်ပွားရင် သံသရာရှည်ပုံကို ရှင်းပြပါ။

ဖြေ။ ။ သံသရာရှည်မှာဖြစ်ပါတယ်။ သံသရာရှည်ပုံကို ရှင်းပြပါမယ်။ အတိတ်အကြောင်း ကြောင့် ပစ္စုပ္ပန် အကျိုးဖြစ်၊ ပစ္စုပ္ပန်အကျိုးထဲက ပစ္စုပ္ပန်အကြောင်း ထပ်ပေါက်ပွား၊ ပေါက်ပွားသောကြောင့် အနာဂတ်အကျိုးထပ်ဖြစ်၊ အနာဂတ်အကျိုးထဲကမှ အတိတ် အကြောင်းတွေ ထပ်ပေါက်ပွားနဲ့ သံသရာကြီးသည် ကစွတ်ကင်းလျှောက် အဆုံးကို မရောက်နိုင်ကြဘဲနှင့် တဝဲလည်လည်နှင့် ကျင်လည်ခဲ့ရတာ နှစ်ပေါင်းရာထောင် ရေတွက်လို့ မရအောင် ကြာညောင်းခဲ့လှပါပြီ။

မေး။ ။ ဤရှစ်သွယ်ကို ဆိုသော လင်္ကာအရ ရှစ်သွယ်စေအောင် ရေပြပါ။

ဖြေ။ ။ ၁။ မူလနှစ်ဖြာ ၂။ သစ္စာနှစ်ခု ၃။ လေးခုအလွှာ ၄။ အင်္ဂါတစ်ဆယ့်နှစ်ပါး ၅။ သုံးပါးအစပ် ၆။ ဝဋ်သုံးဝနှင့် ၇။ ကာလသုံးဖြာ ၈။ ခြင်းရာနှစ်ဆယ် ပေါင်း ရှစ်သွယ်တိတိ ရှိပါသည်။

မေး။ ။ ဤပဋိစ္စသမုပ္ပါဒ် တရားကို မည်ကဲ့သို့ သဘောပေါက်က မဂ်ဖိုလ် ရနိုင်ပါသလဲ။

ဖြေ။ ။ ပရိညာ သုံးပါးဖြင့် သဘောပေါက်ပါက မဂ်ဖိုလ်ရနိုင်ပါသည်။

မေး။ ။ ပရိညာ သုံးပါးရဲ့ သဘောနှင့် သရုပ်ကို ပြောပြပါ။

ဖြေ။ ။ ဉာတပရိညာ သိသောအားဖြင့် ပိုင်းခြားမှုသဘော၊

http://www.dhammadownload.com



တိရဏပရိညာ ပွားများသောအားဖြင့် ပိုင်းခြားမှုသဘော၊
ပဟာနပရိညာ ပါယ်သောအားဖြင့် ပိုင်ခြားမှုသဘော၊
ဆောင်ဉာတ၊ တိရဏ၊ ပဟာန၊ သုံးဝပရိညာ။
သိ၊ ပွား၊ ပါယ်ပါ ဤသုံးဖြာ ပိုင်းခြားပရိညာ။

**မေး။** ။ ပရိညာ သုံးပါးဖြင့် ဒိဋ္ဌိပြုတ်ပုံကို ရှင်းပြပါ။

**ဖြေ။** ။ မိမိတို့ရဲ့ သန္တာန်မှာ ခန္ဓာငါးပါးပေါ်လာရင် ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာဟု မစွဲမှု၍ ခန္ဓာပေါ်တာပဲလို့သိလိုက်ရင် သက္ကာယဒိဋ္ဌိ အသိဉာဏ် ဉာတပရိညာအားဖြင့် ပြုတ်ပါသည်။

ငှင်းခန္ဓာငါးပါးတို့ရဲ့ ဖြစ်မှုသဘော ပျက်မှုသဘောများကို မြင်ရင် သက္ကာယဒိဋ္ဌိ အပွားဉာဏ် တိရဏ ပရိညာအားဖြင့် ပြုတ်ပါသည်။

ဖြစ်ပျက် မြင်ပါများသောကြောင့် ဖြစ်ပျက်ကိုမုန်း ဖြစ်ပျက်ဒုက္ခကြီး မိမိဉာဏ်အောက်မှာ အကြွင်းမရှိ ချုပ်ဆုံးသွားမှုကို မြင်ရင် သက္ကာယဒိဋ္ဌိ အပါယ်ဉာဏ် ပဟာန ပရိညာအားဖြင့် ပြုတ်ပါသည်။

**မေး။** ။ အန္ဓပုထုဇဉ်၊ ကလျာဏပုထုဇဉ်၊ စူဠသောတာပန်၊ မဟာသောတာပန် ပုဂ္ဂိုလ်များကို ရှင်းပြပါ။

**ဖြေ။** ။ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ် သဘောများကို သုတမယဉာဏ်အားဖြင့် မသိရင် အန္ဓပုထုဇဉ်ဖြစ်ပါသည်။

ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ် သဘောများကို သုတမယဉာဏ်ဖြင့်လဲသိ၊ စိန္တာမယဉာဏ်ဖြင့်လဲ ကြံစည်စဉ်းစားသုံးသပ်ဝေဖန်လျက် ဖြစ်မှုပျက်မှုကိုမြင်ရင် စူဠသောတာပန် ဖြစ်ပါသည်။

ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ် သဘောများကို သုတမယဉာဏ်၊ စိန္တာမယဉာဏ်တို့ဖြင့် သိရုံ ကြံစည်ရုံမျှမကဘဲလျက် ဘာဝနာမယဉာဏ်ဖြင့် ကြိမ်ဖန်များစွာ ပွားများ အားထုတ်သောကြောင့် ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်ပျက်သဘောကို မုန်း၊ ဖြစ်ပျက်ဒုက္ခကြီး ချုပ်ဆုံးမှုကို မြင်ရရင် မဟာသောတာပန် ဖြစ်ပါသည်။

**မေး။** ။ မဟာသောတာပန်ဖြစ်ချင်ရင် ဘာတွေကို ဦးစားပေးပယ်ရမှာလဲ။

**ဖြေ။** ။ ဒိဋ္ဌိမှန်သမျှကို ဦးစားပေးပယ်ရမှာပါ။

http://www.dhammadownload.com



မေး။ ။ ဒိဋ္ဌိကအကျယ်အားဖြင့် ဘယ်နှစ်ပါးရှိ၍ အကျဉ်းအားဖြင့် ဘယ်နှစ်ပါး ရှိပါသလဲ။

ဖြေ။ ။ ဒိဋ္ဌိသည် အကျယ်အားဖြင့် ခြောက်ဆယ့်နှစ်ပါးရှိ၍ အကျဉ်းအားဖြင့် သုံးပါးမျှပဲရှိပါသည်။

မေး။ ။ ဒိဋ္ဌိခြောက်ဆယ့်နှစ်ပါးကို ရေတွက်ပြပါ။

ဖြေ။ ။ ပုဗ္ဗန္တကပ္ပိက ဒိဋ္ဌိက ၁၈ ပါး၊ အပရန္တကပ္ပိက ဒိဋ္ဌိက၄၄ ပါး၊ ပေါင်း ၆၂ ပါး ဖြစ်ပါသည်။

ပုဗ္ဗန္တကပ္ပိကဒိဋ္ဌိက ၁၈ ပါးဆိုတာသည် သဿတဒိဋ္ဌိ ၄ ပါး၊ ဧကစ္စသဿတဒိဋ္ဌိ ၄ ပါး၊ အန္တာနန္တဒိဋ္ဌိက ၄ ပါး၊ အမရာဝိက္ခေပဒိဋ္ဌိက ၄ ပါး၊ အဓိစ္စသမုပ္ပန္နဒိဋ္ဌိက ၂ ပါး၊ ပေါင်း ၁၈ ပါး ဖြစ်ပါသည်။

**အပရန္တကပ္ပိကဒိဋ္ဌိ ၄၄ ပါးဆိုတာသည်**

သညီဒိဋ္ဌိက ၁၆ ပါး၊ အသညီဒိဋ္ဌိက ၈ ပါး၊ နေဝသညီနာသညီဒိဋ္ဌိက ၈ ပါး၊ ဥစ္ဆေဒဒိဋ္ဌိက ၇ ပါး၊ ဒိဋ္ဌဓမ္မနိဗ္ဗာနဒိဋ္ဌိက ၅ ပါး၊ ပေါင်း ၄၄ ဖြစ်ပါသည်။

(၎င်းဒိဋ္ဌိ ၆၂ ပါးရဲ့ အကျယ်အဓိပ္ပါယ်ကို သာမညဖလသုတ္တန်မှာ ကြည့်တော်မူကြပါ)

မေး။ ။ ဒိဋ္ဌိအကျဉ်းအားဖြင့် သုံးပါးကို ရေတွက်ပြပါ။

ဖြေ။ ။ သက္ကယဒိဋ္ဌိ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ပေါင်းသုံးပါး ဖြစ်ပါသည်။

မေး။ ။ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတွေသည် ဘယ်ဒိဋ္ဌိကို အကြောင်းရင်းခံပြီး ဖြစ်ကြပါသလဲ။

ဖြေ ။ ။ သက္ကာယဒိဋ္ဌိကို အကြောင်းခံပြီး ဖြစ်ရတာပါ။

မေး။ ။ သက္ကာယဒိဋ္ဌိပြုတ်က ကျန်သော ဒိဋ္ဌိများလည်း ပြုတ်ပါသလား။

ဖြေ။ ။ ပြုတ်ပါသည်။ သက္ကာယဒိဋ္ဌိပြုတ်က ဒိဋ္ဌိမှန်သမျှ အကုန်ပြုတ်ပါသည်။

မေး။ ။ သက္ကာယဆိုတာ ဘာကိုခေါ်ပါသလဲ၊ ဒိဋ္ဌိဆိုတာ ဘာကို ခေါ်ပါသလဲ။

ဖြေ။ ။ ခန္ဓာငါးပါးကို သက္ကာယ ခေါ်ပါသည်။
မှားသောအယူကို ဒိဋ္ဌိလို့ ခေါ်ပါသည်။

မေး။ ။ မဂ်ဖိုလ်ကိုရချင်ရင် သက္ကာယနှင့် ဒိဋ္ဌိ ဘယ်သူ့ကို ပယ်ရမှာလဲ။

ဖြေ။ ။ ဒိဋ္ဌိကိုသာပယ်ရမှာပါ။ သက္ကာယကိုပယ်လို့ မရပါ။ သက္ကာယဆိုသော ခန္ဓာငါးပါးသည် ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာများလဲရှိတာပါပဲ။ ပုထုဇဉ်တွေမှာလဲ ရှိတာ

http://www.dhammadownload.com



ပါပဲ။

သက္ကာယဆိုသော ခန္ဓာငါးပါးအပေါ်မှာ အမြင်မှားမှု ဆိုသော ဒိဋ္ဌိကိုသာ ပယ်ရမှာပါ။

မေး။ ။ သက္ကာယကိုလည်းကောင်း၊ သက္ကာယဖြစ်ကြောင်းကိုလည်းကောင်း၊ သက္ကာယချုပ်ငြိမ်းရာကိုလည်းကောင်း၊ သက္ကာယ ချုပ်ကြောင်းကိုလည်းကောင်း ပြောပြပါ။

ဖြေ။ ။ ခန္ဓာငါးပါးတရားက – သက္ကာယဖြစ်ပါသည်။

တဏှာသုံးပါးက – သက္ကာယဖြစ်ကြောင်း ဖြစ်ပါသည်။

ထိုတဏှာသုံးပါး၏ ချုပ်ငြိမ်းမှုက – သက္ကာယချုပ်ရာ ဖြစ်ပါသည်။

သက္ကာယချုပ်ကြောင်း အကျင့်က – မဂ္ဂင်ရှစ်ပါး ဖြစ်ပါသည်။

မေး။ ။ သတ္တဝါတွေရဲ့ သဏ္ဍာန်မှာ သက္ကာယဒိဋ္ဌိတွေ ဘာကြောင့် ဖြစ်ရပါသလဲ။

ဖြေ။ ။ သူတော်ကောင်း ဆရာသမားကောင်းများကို မမှီဝဲ မဆည်းကပ်ကြသော သူများသည် ရုပ်ပေါ်လာလဲ ရုပ်မှန်းမသိကြဘဲ ငါလို့ စွဲကြပေ၏။ ဝေဒနာ၊ သညာ၊သင်္ခါရ၊ ဝိညာဏ်တွေပေါ်လဲ ဝေဒနာမှန်း သညာမှန်း မသိကြဘဲ ငါလို့ မှားသောအားဖြင့် စွဲလမ်းကြပါသည်။ သို့အတွက် သက္ကာယဒိဋ္ဌိ ဖြစ်ကြရတာပါပဲ။

မေး။ ။ သက္ကာယဒိဋ္ဌိပြုတ်တယ်ဆိုတာ ဘယ်လိုသိလို့ ပြုတ်ကြပါသလဲ။

ဖြေ။ ။ သူတော်ကောင်း၊ ဆရာသမားကောင်းများကို မှီဝဲ ဆည်းကပ်ကြသော သူများသည် အကြားအမြင် များကြပါသည်။ အကြားအမြင် များကြသောကြောင့် မိမိသဏ္ဍာန်မှာ ရုပ်ပေါ်ရင် ရုပ်မှန်းသိကြပါသည်။ ဝေဒနာ၊သညာ၊ သင်္ခါရ၊ ဝိညာဏ်တွေ ပေါ်လာရင် ဝေဒနာမှန်း၊ ဝိညာဏ်မှန်း သိကြသောကြောင့် ငါလို့မစွဲတော့ပါ။ သို့အတွက် သက္ကာယဒိဋ္ဌိ ပြုတ်ပါသည်။

မေး။ ။ သောတာပန် ဖြစ်ရခြင်းရဲ့ အကျိုးတရားများကို ပြောပြပါ။

ဖြေ။ ။ ပထဝီတစ်ခွင်၊ မြေအပြင်ကို အစိုးရသော စကြာမင်းအဖြစ်ထက်လည်းကောင်း၊ နတ်ပြည်ကို အစိုးရသော သိကြားမင်းအဖြစ်ထက် လည်းကောင်း၊ ဗြဟ္မာပြည်ကို အစိုးရသော ဗြဟ္မာမင်းအဖြစ်ထက် လည်းကောင်း သောတာပန် ဖြစ်ရခြင်းက သာလွန်မြင့်မြတ်ပါသည်။

မေး။ ။ သောတာပန် ဖြစ်ရခြင်းရဲ့ အကျိုးကို တစ်နည်းအားဖြင့် ပြောပြပါ။

ဖြေ။ ။ မြင့်မိုရ်တောင်ကြီးရယ်၊ ၎င်းတောင်ကြီးရဲ့ ဘေးနားမှာ ကျောက်ခဲ(၇)ခဲရယ် နှိုင်းယှဉ်ကြည့်ရင် အလွန်ကွာခြားသလို သောတာပန်များ ကုန်ခန်းလေပြီးသော ဒုက္ခက မြင်းမိုရ်တောင်ကြီးလောက်များကြီးလျှင် ကြွင်းကျန်သော ဒုက္ခတရားက ကျောက်ခဲ

http://www.dhammadownload.com



လေး (၇) ခဲလောက်ပဲ ရှိပါတော့သည်။

**မေး။** ။ သောတာပန် ဖြစ်ရခြင်းရဲ့ အကျိုးကို တစ်နည်းအားဖြင့် ပြောပြပါ။

**ဖြေ။** ။ အလျား အနံ၊ စောက်အကျယ်၊ ယူဇနာ (၅၀) ရှိသော ရေကန်ကြီး တစ်ခုရှိပါသည်။ အဲဒီရေကန်ကြီးရယ် ရေကန်ကြီးရဲ့ဘေး ကုန်းစောင်းမှာ ရေပေါက် (၇)ပေါက်ရယ် အလွန်ကွာခြားသလို သောတာပန်များ ကုန်ခမ်းလေပြီးသော ဒုက္ခတရားတွေဟာ ရေကန်ကြီးလောက် များပြားပြီးလျှင်၊ ကျန်သောဒုက္ခတရားက ရေပေါက်(၇) ပေါက်လောက်ပဲ ရှိပါတော့သည်။

**မေး။** ။ သောတာပန် ဖြစ်ရခြင်းရဲ့ အကျိုးကို တစ်နည်းအားဖြင့် ပြောပြပါ။

**ဖြေ။** ။ သောတာပန် ဖြစ်ပြီးသော အချိန်က စပြီးလျှင် အစမထင်သော ဝဋ်ဆင်းရဲ သံသရာ ဒုက္ခကိုလည်း ကုန်စေနိုင်ပါသည်။
အလုံးစုံသော အပါယ်တံခါးကိုလည်း ပိတ်စေနိုင်ပါသည်။
သူတော်ကောင်း ဥစ္စာ(၇) ဖြာကိုလည်း လက်ဝယ်ရရှိနိုင်ပါသည်။
မိစ္ဆာမဂ္ဂင် (၈) ပါးကိုလည်း ပယ်စွန့်နိုင်ပါသည်။
အလုံးစုံသောရန်၊ အလုံးစုံသောဘေးတွေကိုလည်း ငြိမ်းစေနိုင်ပါသည်။
ဘုရားရှင်၏ ရွှေရင်တော်နှစ် သားတော်သမီးတော် အစစ်သို့လည်း ရောက်ရှိသွားပါသည်။ ထိုမှတစ်ပါး အရာမက များလှစွာသော အကျိုးတရားများကိုလည်း ရရှိသွားပါသည်။

**မေး။** ။ သောတာပန် ဖြစ်ချင်ကြရင် ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါးရဲ့ အပေါ်မှာ နည်းဘယ်နှစ်နည်းဖြင့် ဆင်ခြင်သုံးသပ်ရမှာလဲ။

**ဖြေ။** ။ နည်းလေးပါးဖြင့် ဆင်ခြင်သုံးသပ်ရပါသည်။

**မေး။** ။ နည်းလေးပါးကို ခွဲပြပါ။

**ဖြေ။** ။ ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်းပေါင်း လေးနည်းရှိပါသည်။

**မေး။** ။ ဧကတ္တနည်း ရှင်းပြပါ။

**ဖြေ။** ။ မျိုးစေ့မှ အညွန့်၊ အညွန့်မှ အပင်၊ အပင်မှ အခက်မ၊ ခက်မမှ အကိုင်း၊ အကိုင်းမှ ညာတံ၊ ညာတံမှ အရွက်၊ အရွက်မှ အဖူး၊ အဖူးမှ အပွင့် စသည် ဖြစ်ပေါ်လာသလို၊ အဝိဇ္ဇာမှ သင်္ခါရ၊ သင်္ခါရမှ ဝိညာဏ်၊ ဝိညာဏ်မှ နာမ်ရုပ် စသည်တို့သည် တစ်ဆက်တည်း ဆက်စပ်၍ ဖြစ်တာပဲဟု သိရသောနည်းသည် ဧကတ္တနည်း မည်ပါသည်။

http://www.dhammadownload.com



မေး။ ။ ဤကေဝတ္တနည်းကို သဘောပေါက်ရင် ဘယ်ဒိဋ္ဌိပြုတ်ပါသလဲ။

ဖြေ။ ။ ဥစ္ဆေဒဒိဋ္ဌိ ပြုတ်ပါသည်။

မေး။ ။ နာနတ္တနည်းကို ရှင်းပြပါ။

ဖြေ။ ။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ် စသည်ဖြစ်သော်လဲ အဝိဇ္ဇာရဲ့ သဘောတရားက တခြားပဲ၊ သင်္ခါရရဲ့ သဘောက တခြားပဲ၊ ဤသို့သဘောတရား တခြားစီ ဖြစ်တာကို (မရောယှက်တာကို) သဘောပေါက်ရင် သဿတဒိဋ္ဌိပြုတ်ပါ သည်။

မေး။ ။ အ-ဗျာပါရနည်းကို သဘောပေါက်အောင် ရှင်းပြပါ။

ဖြေ။ ။ အဝိဇ္ဇာက သင်္ခါရကို ငါဖြစ်စေမယ်လို့ ကြောင့်ကြ ဗျာပါရ မရှိပါ။ သင်္ခါရကလဲ ဝိညာဏ်ကို ငါဖြစ်စေမယ်လို့ ကြောင့်ကြဗျာပါရ မရှိပါ။ ဤသို့ ပရမတ္ထ သဘောတရားတို့ ကြောင့်ကြဗျာပါရ မရှိပုံကို သိသောနည်းသည် အဗျာပါရနည်း မည်၏။

မေး။ ။ ဤ အ, ဗျာပါရနည်းကို သဘောပေါက်ရင် ဘယ်ဒိဋ္ဌိ ပြုတ်ပါသလဲ။

ဖြေ။ ။ အတ္တဒိဋ္ဌိ ပြုတ်ပါသည်။

မေး။ ။ ဧဝံ ဓမ္မတာနည်းကို သဘောပေါက်အောင် ရှင်းပြပါ။

ဖြေ။ ။ နို့ရည်မှ နို့ဓမ်း စသည်တို့ ဖြစ်ပေါ်လာသလို ဓမ္မတာအားဖြင့် အဝိဇ္ဇာမှ သင်္ခါရဖြစ်၊ သင်္ခါရမှ ဝိညာဏ်ဖြစ်၊ ဤကဲ့သို့ စသည်ဖြင့် ဖြစ်ပေါ်နေတာကို သိသောနည်းသည် ဧဝံ ဓမ္မတာနည်းမည်၏။

မေး။ ။ ဤ ဧဝံ ဓမ္မတာနည်းကို သဘောပေါက်ရင် ဘယ်ဒိဋ္ဌိ ပြုတ်ပါသလဲ။

ဖြေ။ ။ အဟေတုကဒိဋ္ဌိနှင့် အကိရိယဒိဋ္ဌိနှစ်ပါး ပြုတ်ပါသည်။

မေး။ ။ နိယတမိစ္ဆာဒိဋ္ဌိကြီး သုံးပါးကို ရှင်းပြပါ။

ဖြေ။ ။ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ ပေါင်းသုံးပါး ဖြစ်ပါသည်။

မေး။ ။ ၎င်း ဒိဋ္ဌိ သုံးပါးရဲ့ သဘောကို ရှင်းပြပါ။

ဖြေ။ ။ ယခု ပြုလုပ်စရာ အကြောင်းကို လည်းကောင်း၊ နောင်ခံစားစရာအကျိုး ဝိပါက်ကို လည်းကောင်း အကြောင်းကံနှင့် အကျိုးဝိပါက် နှစ်ပါးလုံးကို ပယ်လျှင် အဟေတု ကဒိဋ္ဌိ ဖြစ်ပါသည်။ ယခု ပြုစရာ အကြောင်းကံသက်သက်ကိုပယ်လျှင် အကိရိယ ဒိဋ္ဌိ ဖြစ်ပါတယ်။ နောင်ခံစားစရာ အကျိုးဝိပါက်ကို ပယ်လျှင် နတ္ထိကဒိဋ္ဌိ ဖြစ်ပါ သည်။

http://www.dhammadownload.com



မေး။ ။ ဤ ဒိဋ္ဌိကြီး သုံးပါး တစ်ပါးပါး ယူမိလျှင် ဘယ်လိုအပြစ်တွေ ခံစားရမှာလဲ။

ဖြေ။ ။ ဤအယူတွေ မစွန့်မချင်း အပါယ်လေးပါးမှ မလွတ်မြောက်နိုင်။ ကမ္ဘာမီးလောင်သောအခါ ကံကြီးငါးပါးထိုက်သော (လွန်ကြူးထားသော) သူတို့တောင်မှ အပါယ်လေးပါးမှ လွတ်ကြကုန်၏။ ဤမိစ္ဆာဒိဋ္ဌိ အယူကြီး သုံးပါးကို မစွန့်သောသူက မီးမလောင်သော ကမ္ဘာသို့ ပြောင်းရွှေ့၍ အပါယ်ဒုက္ခကို ခံရသည်။ (ကြောက်ဖို့ကောင်းလေစွ)

မေး။ ။ ဤမိစ္ဆာအယူဆိုးတွေ မဖြစ်ချင်ရင် ဘယ်တရားတွေ သဘောပေါက်အောင် ကြိုးစားရမှာလဲ။

ဖြေ။ ။ ပဋိစ္စသမုပ္ပါဒ် ဖြစ်ကြောင်းနှင့် ချုပ်ကြောင်းကို သဘောပေါက်အောင် ကြိုးစားရပါမည်။

မေး။ ။ ပဋိစ္စသမုပ္ပါဒ် ဆိုတာ ဘာကို ဆိုလိုပါသလဲ။

ဖြေ။ ။ အကြောင်းတရားကို ပဋိစ္စသမုပ္ပါဒ်လို့ ဆိုပါသည်။

မေး။ ။ အဘယ်တရားကို ပဋိစ္စသမုပ္ပန္န ဟူ၍ ဆိုပါသလဲ။

ဖြေ။ ။ အကျိုးတရားကို ပဋိစ္စသမုပ္ပန္န ဟူ၍ ဆိုပါသည်။

မေး။ ။ မှားသောအကျင့်နှင့် မှန်သောအကျင့်ကို ခွဲခြားပြပါ။

ဖြေ။ ။ ပဋိစ္စသမုပ္ပါဒ် ဆက်ရင် မှားသောအကျင့် ဖြစ်ပါသည်။
ပဋိစ္စသမုပ္ပါဒ် ပြတ်ရင် မှန်သောအကျင့် ဖြစ်ပါသည်။

မေး။ ။ ပဋိစ္စသမုပ္ပါဒ် သဘောကို အသက်ကြီးသော ယောဂီများတွေ ရဟန်းတော်မှသာလျှင် သဘောပေါက်နိုင်ပါသလား။

ဖြေ။ ။ မဟုတ်ပါ။ မိန်းမဖြစ်စေ၊ ယောဂီများဖြစ်စေ၊ ရဟန်းဖြစ်စေ၊ နတ်ဖြစ်စေ မည်သည့်ပုဂ္ဂိုလ်မဆို ဉာဏ်ကောင်းကောင်း၊ ဝီရိယကောင်းကောင်းနှင့် ကြိုးစားအားထုတ်ကြပါက သဘောပေါက်နိုင်ပါသည်။

မေး။ ။ သက်သေသာဓကများ ထုတ်ပြပါ။

ဖြေ။ ။ ဝိသာခါသည် အသက် (၇) နှစ်မျှနှင့်ပင် ပဋိစ္စသမုပ္ပါဒ်ကို သဘောပေါက် ဉာဏ်ရောက်ပြီး သောတာပန် ဖြစ်သွားသည်။

http://www.dhammadownload.com



မေး။ ။ မြတ်စွာဘုရားသခင်သည် ဘုရားမဖြစ်ခင် ဘုရားလောင်းဘဝမှာ ဘာတရားကို အလေးထား၍ ဘုရားဖြစ်တော်မူပြီးသောအခါမှာလဲ ဘယ်တရားကို အလေးထားသွားပါသလဲ။

ဖြေ။ ။ ဘုရားလောင်းဘဝမှာရော ဘုရားဖြစ်တော်မူသော အခါမှာရော ပဋိစ္စသမုပ္ပါဒ်ကိုပဲ အလေးထားတော်မူပါသည်။

မေး။ ။ ဘုရားလောင်းဘဝမှာ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်ပုံကို ပြောပြပါ။

ဖြေ။ ။ ဘုရားလောင်းက စဉ်းစားပါသည်။ သြော်- လူနတ်ဗြဟ္မာသတ္တဝါတွေသည် အဖန်ဖန် အိုကြရ၊ အဖန်ဖန် နာကြရ၊ အဖန်ဖန် သေကြရ၊ အဖန်ဖန် ရွေ့လျောကြရ၊ စုတေကြရ၊ အဖန်ဖန် ဖြစ်ကြရနှင့် တယ်ပြီးဆင်းရဲကြပါလား။

သြော်- အဘယ်အခါကာလကျမှ အိုနာသေဆိုသော ဒုက္ခဆင်းရဲ အစုကြီးမှ လွတ်မြောက်ကြောင်း တရားသည် ထင်ရှားကြပါလိမ့်မလဲဟု ဆင်ခြင်စဉ်းစားတော်မူပါသည်။

ထိုကဲ့သို့ဆင်ခြင်တော်မူသောအခါ ဘုရားလောင်းရဲ့ ဉာဏ်တော်ထဲမှာ သြော်- ဇာတိရှိလို့ အိုကြရ၊ နာကြရ သေကြရတာပဲလို့၊ အို နာ သေ ရဲ့ လက်သည်ကိုသွားတွေ့ပါသည်။ (ဇာတိပစ္စယာ ဇရာ မရဏ) ထိုကဲ့သို့ ဇရာမရဏရဲ့ လက်သည်ကို သွားတွေ့တာဟာ သူတစ်ပါးထံမှ နည်းရလို့ မဟုတ်ပါ။ ကိုယ်ပိုင်ဉာဏ်နှင့်ကိုယ် တိုင်ထိုးထွင်းပြီး သိတာ ဖြစ်ပါသည်။ နောက်ဆက်လက်၍ ဆင်ခြင်ပြန်သောအခါ-

ဒီဇာတိဟာလဲ အကြောင်းမဲ့ဖြစ်တာမဟုတ်။ အကြောင်းရှိရဦးမှာပဲလို့ ဆင်ခြင်သောအခါ ဇာတိ ဖြစ်ကြောင်းဟာ ကမ္မဘဝပဲဟု သွားတွေ့ပါသည်။ နောက်ဆက်ပြီး ဆင်ခြင်သောအခါ ကမ္မဘဝဖြစ်ကြောင်းသည် ဥပါဒါန်ပဲ၊ ဥပါဒါန်ဖြစ်ကြောင်း တဏှာပဲ၊ တဏှာဖြစ်ကြောင်းသည် ဝေဒနာပဲ၊ ဝေဒနာ ဖြစ်ကြောင်းသည် ဖဿပဲ၊ ဖဿဖြစ်ကြောင်းသည် သဠာယတနပဲ၊ သဠာယတနဖြစ်ကြောင်းသည် နာမ်ရုပ်ပဲ၊ နာမ်ရုပ်ဖြစ်ကြောင်းသည် ဝိညာဏ်ပဲ၊ ဝိညာဏ်ဖြစ်ကြောင်းသည် သင်္ခါရပဲ၊ သင်္ခါရဖြစ်ကြောင်းသည် အဝိဇ္ဇာပဲဟူ၍ ဇရာမရဏဖြစ်ကြောင်း၊ ပင်ရင်းလက်သည်အစစ် ဝိဇ္ဇာကိုသွားတွေ့ပါသည်။

အင်း-ဒီဝိဇ္ဇာမပယ်နိုင်သရွေ့ သင်္ခါရတွေ ပြုကြဦးမှာပဲ၊ သင်္ခါရပြုသရွေ့ ဝိညာဏ်တွေ ရကြဦးမှာပဲ၊ ဝိညာဏ်တွေရသရွေ့ နာမ်ရုပ်တွေဖြစ်ကြဦးမှာပဲ စသည်ဖြင့် ဆက်

http://www.dhammadownload.com



၍ဆင်ခြင်ပြန်သောအခါ နောက်ဆုံး ဇရာမရဏမှာပဲ လမ်းဆုံးကြရမှာပဲလို့ ထိုးထွင်း၍ သိတော်မူပါသည်။

ထိုအခါ ဘုရားလောင်းက– ချစ်သားတို့၊ ငါဘုရားသည် ဘုရားလောင်းဘဝမှာ **ဖြစ်ကြောင်း၊ ဖြစ်ကြောင်း** ဆိုသောစကားကို ရှေးက တစ်ခါမျှ မကြားဘူးပါဘဲလျက် သြော်–ဇရာမရဏဟာ ဇာတိအကြောင်းခံကြောင့်ဖြစ်ရတာဟူ၍ ဓမ္မမက္ခုခေါ်သော ထိုးထွင်း၍သိသောဉာဏ် ဖြစ်ပေါ်လာခဲ့ပြီဟူ၍ ဘုရားရှင်ကိုယ်တိုင် မိန့်ဟဝန်ခံတော်မူခဲ့ပါသည်။

နောက်–ဘုရားလောင်းသည် ဆက်လက်ပြီး ဆင်ခြင်ပြန်သောအခါမှာ အဝိဇ္ဇာချုပ်ရင် သင်္ခါရချုပ်မှာပဲ၊ သင်္ခါရချုပ်ရင် ဝိညာဏ်ချုပ်မှာပဲ၊ လ–ဇာတိချုပ်ရင် ဇရာမရဏချုပ်မှာပဲဟူ၍ အသိဉာဏ်တွေ ပေါ်လာပါသည်။

ထိုအခါ ဘုရားရှင်က – ချစ်သားတို့၊ ငါဘုရားသည် ဘုရားလောင်းဘဝမှာ **ချုပ်ကြောင်း၊ ချုပ်ကြောင်း** ဆိုသောစကားကို ရှေးက တစ်ခါမျှမကြားဘူးပါဘဲလျက် သြော်–ဇာတိချုပ်ရင် ဇရာမရဏချုပ်မှာပဲဟူ၍ ထိုးထွင်း၍ သိသောဉာဏ်တွေပေါ်လာခဲ့ပြီဟူ၍ ဘုရားရှင်ကိုယ်တိုင် ဖွင့်ဟဝန်ခံတော် မူခဲ့ပါသည်။

သို့အတွက် ဘုရားလောင်းဘဝမှာ အလေးအနက်ထားပြီး ဆင်ခြင်တော်မူတဲ့ တရားသည် ပဋိစ္စသမုပ္ပါဒ်တရားပဲဆိုတာ အလွန်တရာထင်ရှားလှပါသည်။

**မေး။** ။ ဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်ပြီးသောအခါမှာလဲ အဘယ်တရားကို အလေးထားပြီး ဆင်ခြင်တော်မူပါသလဲ။

**ဖြေ။** ။ ပဋိစ္စသမုပ္ပါဒ်တရားကိုပဲ ဆင်ခြင်တော်မူပါသည်။

**မေး။** ။ ဘုရားရှင်ကိုယ်တိုင် ပဋိစ္စသမုပ္ပါဒ် ဆင်ခြင်တော်မူပုံကို ပြောပါ။

**ဖြေ။** ။ အခါတစ်ပါး မြတ်စွာဘုရားသည် နာဘိကရွာ အုတ်တိုက်ကျောင်းတော်ကြီးမှာ သီတင်းသုံးလို့နေပါသည်။ ထိုအခါမှာ ဘုရားရှင်ကကိုယ်တိုင် ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်သုံးသပ်တော်မူပါသည်။ အဘယ်သို ဆင်ခြင်သုံးသပ်တော်မူပါသလဲဆိုရင်–

http://www.dhammadownload.com



## သံသရာလည်ကြောင်း ခြောက်ပါး

၁။ စက္ခုံစ ပဋိစ္စရူပေစ – ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံသင်္ဂတိဖဿော။ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာဘဝေါ၊ ဘဝပစ္စယာဇာတိ၊ ဇာတိပစ္စယာ၊ ဇရာမရဏသောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ။

၂။ သောတဉ္စ ပဋိစ္စသဒ္ဒေစ – ဥပ္ပဇ္ဇတိ သောတဝိညာဏံ၊

၃။ ဃာနဉ္စ ပဋိစ္စဂန္ဓေစ – ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ၊

၄။ ဇိဝှဉ္စ ပဋိစ္စရသေစ – ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ၊

၅။ ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ – ဥပ္ပဇ္ဇတိ ကာယဝိညာဏံ

၆။ မနဉ္စ ပဋိစ္စ ဓမ္မေစ – ဥပ္ပဇ္ဇာတိမနောဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ၊ ဖဿော(လ) ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

## သံသရာလည်ကြောင်း ခြောက်ပါး (မြန်မာပြန်)

၁။ စက္ခုဓာတ်ကိုလည်းကောင်း၊ ရူပဓာတ်ကိုလည်းကောင်း၊ စွဲ၍စက္ခုဝိညာဏဓာတ် ဖြစ်ပါသည်။
သုံးပါးသော ဓာတ်တို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿဖြစ်ပါသည်။
ဖဿဟူသော အကြောင်းကြောင့် ဝေဒနာဖြစ်ပါသည်။
ဝေဒနာဟူ အကြောင်းကြောင့် တဏှာဖြစ်ပါသည်။
တဏှာဟူသော အကြောင်းကြောင့် ဥပါဒါန်ဖြစ်ပါသည်။
ဥပါဒါန်ဟူသော အကြောင်းကြောင့် ဘဝဖြစ်ပါသည်။
ဘဝဟူသော အကြောင်းကြောင့် ဇာတိဖြစ်ပါသည်။
ဇာတိဟူသော အကြောင်းကြောင့် ဇရာမရဏ ဖြစ်ပါသည်။
စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်း တို့လဲ ဖြစ်ကြရပါသည်။

ဤသို့သော အကြောင်းအဆက်ဆက်ဖြင့် ချမ်းသာစသည်တို့နှင့် မရောမယှက်၊

http://www.dhammadownload.com



သက်သက်သော ဤဆင်းရဲအစုကြီး၏ ဖြစ်ခြင်းသည်ထင်ရှားလှပါသည်။ (စဉ်းစား ဆင်ခြင်ပါက ထင်ရှားလှပါသည်။)

၂။ သောတဓာတ်ကိုလည်းကောင်း၊ သဒ္ဒဓာတ်ကိုလည်းကောင်း စွဲ၍ သောတဝိညာဏ ဓာတ်ဖြစ်ပါသည်။ (ကြွင်းဆက်ပြီး ဆိုနိုင်လောက်ပြီ။)

၃။ ဃာနဓာတ်ကိုလည်းကောင်း၊ ဂန္ဓဓာတ်ကိုလည်းကောင်းစွဲ၍ ဃာနဝိညာဏဓာတ်ဖြစ် ပါသည်။

၄။ ဇိဝှာဓာတ်ကိုလည်းကောင်း၊ ရသဓာတ်ကိုလည်းကောင်း စွဲ၍ ဇိဝှာဝိညာဏဓာတ် ဖြစ်ပါသည်။

၅။ ကာယဓာတ်ကိုလည်းကောင်း၊ ဖောဋ္ဌဗ္ဗဓာတ်ကိုလည်းကောင်း၊ စွဲ၍ ကာယဝိညာဏ ဓာတ်ဖြစ်ပါသည်။

၆။ မနောဓာတ်ကိုလည်းကောင်း၊ ဓမ္မဓာတ်ကိုလည်းကောင်း၊ စွဲ၍ မနောဝိညာဏဓာတ် ဖြစ်ပါသည်။

## သံသရာပြတ်ကြောင်း ခြောက်ပါး

၁။ စက္ခုံစ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံသင်္ဂတိဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဿာယေဝတဏှာယ၊ အသေသဝိရာဂ နိရော ဓာ ဥပါဒါန နိရောဓော၊ ဥပါဒါန နိရောဓာ၊ ဘဝနိရောဓော ဘဝနိရောဓာ ဇာတိ နိရောဓော၊ ဇာတိနိရောဓာ ဇရာမရဏ၊ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာ သာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

၂။ သောတဉ္စ ပဋိစ္စသဒ္ဒေစ ဥပဇ္ဇတိသောတဝိညာဏံ။

၃။ ဃာနဉ္စ ပဋိစ္စဂန္ဓေစ ဥပ္ပဇ္ဇတိသောတဝိညာဏံ။

၄။ ဇိဝှဉ္စ ပဋိစ္စရသေစ ဥပ္ပဇ္ဇတိ ဇိဝှာယတဏံ။

၅။ ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိကာယဝိညာဏံ။

၆။ မနဉ္စ ပဋိစ္စဓမ္မေစ ဥပ္ပဇ္ဇတိကာယဝိညာဏံ၊ တိဏ္ဏံသင်္ဂတိဖဿော ဖဿပစ္စယာ ဝေဒနာ။

http://www.dhammadownload.com

## သံသရာပြတ်ကြောင်း ခြောက်ပါး (မြန်မာပြန်)

၁။ စက္ခုဓာတ်ကို လည်းကောင်း၊ ရူပဓါတ်ကို လည်းကောင်း စွဲ ၍ စက္ခုဝိညာဏဓာတ် ဖြစ်ပါသည်။

၂။ သုံးပါးသော ဓာတ်တို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿ ဖြစ်ပါတယ်။ ဖဿဟူသော အကြောင်းကြောင့် ဝေဒနာ ဖြစ်ပါသည်။ ဝေဒနာ ဟူသော အကြောင်းကြောင့် တဏှာ ဖြစ်ပါသည်။ ထိုတဏှာ၏ သာလျှင် အကြွင်းမဲ့ တပ်ခြင်းမရှိ ချုပ်ခြင်းကြောင့် (ဝါ) မဖြစ်သောအားဖြင့် ချုပ်ခြင်းကြောင့် ဥပါဒါန် ချုပ်ရပါသည်။ ဥပါဒါန် ချုပ်ခြင်းကြောင့် ဘဝချုပ်ပါသည်။ ဘဝချုပ်ခြင်းကြောင့် ဇာတိချုပ်ပါသည်။ ဇာတိချုပ်ခြင်းကြောင့် ဇရာမရဏ ချုပ်ပါသည်။ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပင်ပန်းခြင်း တို့လဲချုပ်ပါသည်။ ဤသို့သော အကြောင်းအဆက်ဆက် ချုပ်ခြင်းကြောင့် ချမ်းသာ စသည်တို့နှင့် မရောမယှက် သက်သက်သော ဆင်းရဲအစုကြီး ချုပ်ခြင်းသည် (ဝါ) သံသရာ ဝဋ္ဋဆင်းရဲကြီး ကင်းပြတ်ခြင်းသည် ထင်ရှားလှပါသည်။

## (ကျန်သော တရားများ နည်းမှီ၍ ဆက်ဆိုနိုင်ပြီး)

ဤကဲ့သို့ ဘုရားရှင်သည် ဆိတ်ငြိမ်ရာ၌ တစ်ပါးတည်း နေထိုင်ပြီး ရွတ်ဆိုတော် မူနေ နေပါသည်။ ထိုအခိုက်မှာ ရဟန်းတော် တစ်ပါးကလဲ တရားသံကြားရာ အရပ်မှာရှိနေပါသည်။ (ထိုရဟန်းသည် ဘုရားရှင်ရဲ့ ကန္ဒကုဋီကို တံမြက်လှည်းရန် လာသောအခါ ဘုရားရှင် ရွတ်ဆိုနေသော တရားသံကို ကြားနာရသောကြောင့် တံမြက်မလှည်းသေးဘဲ ရပ်ပြီးနာနေပါသည်။)

မြတ်စွာဘုရားရှင်သည် အရင်းမှစ၍ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးများကို နှလုံးသွင်းလျက်၊ သြော် အကျိုးတရားတွေသည် အကြောင်းတရားတွေကြောင့် ဖြစ်ရတာပါကလားလို့ ဆင်ခြင်တော်မူသောအခါ ဘဝဂ်တိုင်အောင် ၃၁ ဘုံလုံး တစ်ပြင်တည်း အာရုံရသဖြင့် နှုတ်တော်မြွက်၍ သရဇ္ဈာယ်တော် မူပြီးလျှင် သြော် ငါဘုရား သရဇ္ဈာယ်တာကို ကြားသိရသူ တစ်စုံတစ်ယောက်များ ရှိလေသလားဟု ဆင်ခြင်သောအခါ ခုနက ရပ်နေသော ရဟန်းကို မြင်တော်မူပါသည်။

http://www.dhammadownload.com



ထိုအခါဘုရားရှင်က ထိုရဟန်းကို ချစ်သားရဟန်း၊ သင်သည် ငါဘုရား သရုပ်ရှည်ဖော တရားတော်ကို ကြားရသလောဟု မိန့်တော်မူသောအခါ၊ ရဟန်းက ကြားရပါသည် ဘုရားဟု လျှောက်ထားလေရာ ဘုရားရှင်က သင်သည် ထိုတရား အကြောင်းကို စိတ်ဖြင့်လေ့လာလျက် မှတ်သားထားလော့၊ နှုတ်ဖြင့် လေ့ကျက်ကာ သင်ယူလေလော့၊ လေ့ကျက်တိုင်း တည်ရာဖြစ်အောင် ဆောင်ထားလေလော့။

အိုရဟန်း ဤဘုရားအကြောင်းသည် အကျိုးနှင့်စပ်ယှဉ်၏။ မဂ္ဂင်ရှစ်ပါး ဟူသော မဂ္ဂဗြဟ္မစရိယ၏ အစတည်ရာဖြစ်၏။ ဤသို့ အားပါးတရ မိန့်မြွက်တော် မူလိုက်ပါသည်။ ဤကဲ့သို့ ဘုရားရှင်များသည် ပဋ္ဌိစ္စသမုပ္ပါဒ်ကို အလေးထားတော် မူပါသည်။

## ကျေးရွာရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ သြဝါဒကထာများ

၁။ ဖြစ်ပျက်သမ္မာ၊ သခါရ၊ ဒုက္ခသစ္စာမှတ်။

၂။ ဖြစ်ပျက်မှုတွင်၊ ငါကောင်းထင်၊ ခင်မင်သမုဒယမှတ်။

၃။ ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်။

၄။ ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟုမှတ်။

## မဂ်ဖိုလ်ရကြောင်း ပဓာနိယင်္ဂ တရားငါးပါး

ယုံကြည်၊ ကျန်းမာ၊ စိတ်ဖြောင့်စွာ၊ လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊ မှန်ပင်မဂ်ရကြောင်း။

## မဂ်ဖိုလ်ဝေးကြောင်း အကျင့်ငါးပါး

မစွန့်ကာမ၊ ဆရာမရှိ၊ ဝီရိယလျော့၊ အားအင်ပျော့ခါ၊ လွန်စွာယူမှား၊ ဤငါးပါး တရားမဂ်ဖိုလ် ဝေးသတည်း။

http://www.dhammadownload.com



## မာဂဏ္ဍိပုဏ္ဏားကြီးအား ဟောသော မင်္ဂလာဂါထာ မဂ်ဖိုလ်ရကြောင်းသုံးပါး

သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာထုတ်ကျင့်၊ မဂ်ဖိုလ်ခွင့် ရလင့်ကေန်သာ။

## မြန်စွာတရားပေါက်ရန်

သစ္စာနက်ရှင်း၊ နှလုံးသွင်းမှန်၊ ဉာဏ်ဖြင့်ပိုင်းခြား၊ ညီစေအား၊ တရားပေါက်မြန်ထက်။

၁။ ရခဲ့တဲ့ ဘ၀လေးမှာ အလကား အချိန်တွေ မဖြုန်းလိုက်ပါနဲ့။

၂။ နားက တရားနာပါ၊ ဉာဏ်က ခန္ဓာလှည့်ပါ။

၃။ နားကြီးကြီးနဲ့ တရားနာပါ။

၄။ တရားနာ၊ တရားအားထုတ်တာသည် မိမိအရေး။

၅။ ဉာဏ်ကမဦးဘဲ အသေကဦးသွားရင် ကိုယ့်အတွက် နာမယ်။

၆။ ဝိပဿနာ အားမထုတ်ဘဲ နေ့ရွှေ့ ရက်ရွှေ့ ရွှေ့နေတာသည် တဏှာက ဆင်ခြေပေးနေတာပဲ။

၇။ ဝိပဿနာ အားထုတ်တဲ့အခါမှာ ကိလေသာ ကြားမခိုစေနဲ့။

၈။ ပဋိစ္စသမုပ္ပါဒ် ဆိုတာ စာထဲမှာ ရှိတာမဟုတ်၊ ခန္ဓာကိုယ်မှာ ရှိတဲ့တရားပါ။

၉။ မိမိခန္ဓာမှာရှိတဲ့ ပဋိစ္စသမုပ္ပါဒ်ကို မိမိဉာဏ်နဲ့ ရှင်းအောင်လုပ်ပါ။

၁၀။ စာ ပဋိစ္စသမုပ္ပါဒ် သိတာသည် သညာသိသာ ဖြစ်သည်။

၁၁။ ခန္ဓာ ပဋိစ္စသမုပ္ပါဒ် သိတာကမှ ပညာသိဖြစ်၍ နိဗ္ဗာန်ရောက်မယ်။

၁၂။ သညာသိနှင့် နိဗ္ဗာန်မရောက်၊ ပညာသိနဲ့မှ နိဗ္ဗာန်ရောက်မယ်။

၁၃။ မိမိအရေးကို ရှေ့ထားပါ။

၁၄။ သားရေး၊ သမီးရေး၊ စီးပွားရေးကို နောက်ထားပါ။

၁၅။ တရားနာ အားထုတ်တာသည်၊ ကိုယ့်ကို ကယ်တင်သော အလုပ်။

၁၆။ ဘ၀ကူးကောင်းအောင် မလုပ်ပါနှင့်၊ ဘ၀ချုပ်ငြိမ်း ရပ်သိမ်းအောင်လုပ်ပါ။

၁၇။ ဒါနတရားက သံသရာရှည်အောင် လုပ်တာမဟုတ်။

၁၈။ ဒါနနောက်က အသိဉာဏ် မလိုက်လို့ သံသရာ ရှည်ရတာ။

၁၉။ သစ္စာသိပြီး လှူရင်၊ ခန္ဓာကိုယ် ရောင်းလှူပါ။

၂၀။ သစ္စာမသိသေးရင် မလှူပါနှင့်ဦး။

၂၁။ အိုရာက နာရာ မရောက်ခင် ဝိပဿနာ လုပ်ပါ။

၂၂။ အရှိနှင့် အသိ ကိုက်အောင်လုပ်တာ ဝိပဿနာ။

၂၃။ ရှေ့စိတ်ကို နောက်စိတ်နှင့် ရှုတာ ဝိပဿနာ။

http://www.dhammadownload.com



၂၄။ ရှေ့နာမ်ကို နောက်ဉာဏ်နှင့် ရှုတာ ဝိပဿနာ။
၂၅။ ရှေ့အသေကို နောက်အနေနှင့် ရှုတာ ဝိပဿနာ။
၂၆။ ခန္ဓာရဲ့ ပင်ကိုယ်သဘောကို မြင်အောင် စောင့်ကြည့်တာ ဝိပဿနာ။
၂၇။ အပျက်နဲ့မဂ် ကိုက်အောင်ရှုတာ ဝိပဿနာ။
၂၈။ အသေကို အရှင်နဲ့ ကြည့်နေတာ ဝိပဿနာ။
၂၉။ သူများစိတ် အကဲမခတ်နှင့် မှားသော်ရှိ၊ မှန်သော်ရှိ၊ ကိုယ့်စိတ်ကို ကိုယ် အကဲခတ်ပါမှ အမှန်ရမည်။
၃၀။ အလုပ်ကြည့်ရင်၊ ခန္ဓာကြည့်၊ အလုပ်စင်ကြည့်ရင် မှတ်တမ်းကြည့်။
၃၁။ ကိုယ့်စိတ်ဖြစ်တာ ကိုယ်မသိတာ အရုပ်အဆိုးဆုံး။
၃၂။ ကိုယ့်စိတ်ဖြစ်တာ ကိုယ်အကဲခတ်နိုင်မှ ဝိပဿနာ ဖြစ်မည်။
၃၃။ တဏှာကို အဖော်မလုပ်နဲ့၊ သဒ္ဓါနဲ့ပညာကို ဖော်လုပ်ပါ။
၃၄။ သားမယားခြေရင်း၊ တဏှာကျွန် အဖြစ် ခေါင်းစင်းပြီး မသေနဲ့။
၃၅။ ဒိဋ္ဌိက တဏှာ ကျွန်ထက် ပိုကြောက်စရာ ကောင်းသည်။
၃၆။ ဝိပဿနာလုပ်ရင်၊ ဗျာမများနဲ့၊ ဗျာများရင် အချိန်ကြာမယ်။
၃၇။ အရှိနဲ့ အသိကိုက်ရင် ဝိပဿနာ ဖြစ်ပြီ။
၃၈.. တရားအားမထုတ်ဘဲ တရားက အလိုကို မရဘူး။
၃၉။ ခန္ဓာဝန်သည် အလေးဆုံး အကြီးဆုံး မှတ်ပါ။
၄၀။ ခန္ဓာကိုယ်သည် မွေးကတည်းက၊ အသေဘက်ကို ပြေးနေသည်။
၄၁။ ဘယ်ဗေဒင် ဟောတာမှ မယုံနှင့် ခန္ဓာက သူ့လမ်း သူပြေးနေတာ။
၄၂။ မနေ့ကထက်၊ ယနေ့သေဖို့၊ တစ်ရက်နီးသွားပြီး ဆိုတာ ယုံလိုက်ပါ။
၄၃။ ခန္ဓာ၏ ဝတ္တရားက အသေရှာတာ၊ ဉာဏ်၏ ဝတ္တရားက အသေကိုရှောင်တာ။
၄၄။ ခန္ဓာက သုသာန်ထိ အပြေးသွားနေတာ၊ အသေကဦး၍ ဉာဏ်နောက်ကျရင် ခက်လိမ့်မယ်။
၄၅။ အသက်တမ်း ခပ်တိုတိုလေးမှာ ခပ်နိုနို လုပ်နေရင် အသေကစောသွားရင် ကိုယ်ကျိုးနည်းလိမ့်မယ်။
၄၆။ ကိစ္စဟူ၍ မဂ်ထားဖိုလ်ထားဟူ၍ မှတ်ပါ။
၄၇။ အလကားနေသရွေ့၊ အအားနေသရွေ့ အမှားနေခြင်းလို့မှတ်ပါ။
၄၈။ ရက်ရာဇာ ပြဿဒါး မရွေးနဲ့၊ သူတော်ကောင်း အလုပ်လုပ်တဲ့ အချိန်သည် မင်္ဂလာရှိသော နေ့ရက် ဆိုတာ မှတ်ပါ။
၄၉။ ယခုသားနဲ့ သမီးနဲ့ ဆွေမျိုးမိတ်သင်္ဂဟတွေနဲ့၊ ပစ္စည်းဥစ္စာတွေနဲ့၊ မသိပြုံး ပြုံးနေသလောက်၊ နောင် သေခါနီး အိပ်ရာ ညောင်စောင်းမှာ မျက်ရည်ကြီးငယ် ကျရလိမ့်မယ်။
၅၀။ ကိုယ့်ကိုသနားရင် ဝိပဿနာ လုပ်ကြရမယ်။
၅၁။ သားရေး၊ သမီးရေး၊ စီးပွားရေးကိုသာ ဂရုစိုက်နေရင် အချိန်ကို အလွဲသုံးစား လုပ်နေတာပဲ၊ လူ မိုက်အချိန်ပဲဆိုတာမှတ်။

http://www.dhammadownload.com



၅၂။ အသက်ကြီးလေလေ၊ ကံမွဲ ဉာဏ်မွဲလေမှတ်၊ ကံမွဲတာက အရေးမကြီး ဉာဏ်မွဲရင် နိဗ္ဗာန်မရောက်နိုင်။

၅၃။ ကံကောင်းရင် သုံးဆယ့်တစ်ဘုံကို ရောက်မယ်။

၅၄။ ဉာဏ်ကောင်းပါမှ နိဗ္ဗာန်ရောက်မယ်။

၅၅။ ဉာဏ်မပါရင် ကံခြယ်လှယ်သွားမယ်။

၅၆။ ကံကိုဉာဏ်ကဖြတ်မှ နိဗ္ဗာန်ရောက်မယ်။

၅၇။ နိဗ္ဗာန်သည် ကံ၏အကျိုးမဟုတ်၊ ဉာဏ်၏အကျိုးဖြစ်သည်။

၅၈။ တရားနာကြားရုံမျှနှင့် ကိစ္စမပြီး၊ ခန္ဓာဉာဏ်စိုက်ပြီး ကြည့်မှပြီးမည်။

၅၉။ လူပြော သူပြော အရပ်ကပြောတာတွေ မယုံပါနှင့်။
ခန္ဓာက ပြောတာကိုသာ အယုံကြီး ယုံလိုက်ပါ။

၆၀။ လောင်စာနဲ့မီး တွဲပြီးလောင်နေတာဟာ လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝပဲ။

၆၁။ လောင်စာသိမ်း၍ မီးငြိမ်းသွားတာက နိဗ္ဗာန်ပဲ။

၆၂။ လောင်စာသိမ်း၍ မီးငြိမ်းချင်ရင် မဂ္ဂင်အလုပ်လုပ်ပါ။

၆၃။ အရဟတ်တက်တာသည် နေထွက်ဖို့ရှေ့ပြေး။
ဝိပဿနာမဂ်သည် လောကုတ္တရာမဂ်၏ ရှေ့ပြေးဟူ၍ မှတ်ပါ။

၆၄။ ဒါနသီလသည် ကိလေသာရောဂါ သက်သာရုံမျှပဲ ရှိမည်။

၆၅။ ကြားတဲ့တရားနှင့် သိတဲ့တရား နှစ်ခုညီရင် မဂ်ဖိုလ် ရနိုင်သည်။

၆၆။ ဒုက္ခသစ္စာကို ပိုင်းခြားသိချင်ရင် မဂ္ဂင်အလုပ်ကို လုပ်ပါ။

၆၇။ သမုဒယသစ္စာကို ပယ်ချင်ရင်လဲ မဂ္ဂင်အလုပ်ကို လုပ်ပါ။

၆၈။ နိရောဓသစ္စာကို မျက်မှောက်ပြုချင်ရင်လဲ မဂ္ဂင်အလုပ်ကိုလုပ်ပါ။

၆၉။ သစ္စာမသိဘဲ အနှစ်တရာ အသက်ရှည်သော်လဲ အလကားပဲ။

၇၀။ သစ္စာသိပြီး တစ်ရက်မျှ အသက်ရှည်ငြားသော်လဲ ပိုပြီး မြတ်လှပါ။

၇၁။ ခန္ဓာနဲ့ ငါနဲ့ မရောစေနဲ့။

၇၂။ တရားနာတယ်ဆိုတာ ဒီအချိန်မှာ တရားသောအလုပ်ကို လုပ်နေတာပဲ။

၇၃။ တရားအရသာကို မခံစားဘူးလျှင် ကာမကို အထင်ကြီး၏။

၇၄။ ကိုးဆယ့်ခြောက်ပါးရောဂါ ပျောက်ချင်ရင် လောကီဆေး သောက်ရ၏။

၇၅။ ကိလေသာ ရောဂါပျောက်ချင်ရင် တရားဆေး သောက်ရ၏။

၇၆။ အကြားအမြင်မရှိရင် တဏှာခိုင်းတာကိုပဲ ကျွန်ပီပီ လုပ်နေကြမှာပဲ။

၇၇။ တဏှာခိုင်းတိုင်း လုပ်နေတာသည် အရှက်မရှိလို့သာပဲ။

၇၈။ တဏှာကို ပေါင်းမိရင် အနေလဲ မအား အသေလဲ မအားပါ။

၇၉။ ကံကြီးငါးပါးသက် ဒိဋ္ဌိကပိုပြီး ကြောက်စရာကောင်းတယ်။

၈၀။ ကံကြီးငါးပါး ကျူးလွန်မိထားသူက ကမ္မာပျက်ရင် လွတ်ရတယ်။

http://www.dhammadownload.com



၈၁။ ဒိဋ္ဌိအယူ မစွန့်သူက မပျက်သော ကမ္ဘာသို့ ပြောင်းခံရတယ်။
၈၂။ ခန္ဓာရှိရင် ဝေဒနာ မကင်းပါ။
၈၃။ ကိုယ်သာနာ၍ စိတ်မနာစေနဲ့။
၈၄။ ဓမ္မသဘောမှာ ငါမနေရာပါမှ ဒိဋ္ဌိစင်မယ်။
၈၅။ သုညတမြင်မှ အတ္တဒိဋ္ဌိစင်မယ်။
၈၆။ အနတ္တမြင်မှ အတ္တဒိဋ္ဌိစင်မယ်။
၈၇။ အသင့်အတင့် နှလုံးသွင်းပြီး အသင့်အတင့် ကြိုးစားကြရင် မဂ်ဖိုလ်နိဗ္ဗာန်ရမယ်။
နိဗ္ဗာန်ရကြောင်း အကျင့်ကောင်း အမှန်ကို ပြောပြပါ။
မဂ္ဂင်ရှစ်ပါး အကျင့်တရား ဖြစ်ပါသည်။

## ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါး ဆောင်ပုဒ်များ

| | | |
|---|---|---|
| သစ္စာလေးပါး | - | တရားဆိုတာ |
| ဒုက္ခသမုဒယ | - | နိရောဓပါ |
| မဂ္ဂင်ရှစ်ရပ် | - | မဂ္ဂသစ္စာ |
| မြတ်ဘုရား | - | ဟောကြားမိန့်ခဲ့တာ |
| ဆင်းရဲကျိုးဟု | - | မှတ်ရှုဒုက္ခာ |
| ဆင်းရဲကြောင့်ပဲ | - | မလွဲသမုဒယာ |
| ချမ်းသာကျိုးဟု | - | မှတ်ရှုနိရောဓာ |
| ချမ်းသာကြောင်း | - | မှတ်ကောင်းမဂ်သစ္စာ |

## အဝိဇ္ဇာ

| | | |
|---|---|---|
| သစ္စာလေးပါး | - | တရားကိုသာ |
| ဘာမှန်းမသိ | - | မောဟမိကာ |
| အမိုက်မှောင်ကြီး | - | ပိတ်ဆီးကွယ်ကာ |
| သံသာကြော | - | မောကြလေဦးသာ |

## သင်္ခါရ

| | | |
|---|---|---|
| သင်္ခါရတရား | - | ပြုပြားလေတာ |

http://www.dhammadownload.com



| | | |
|---|---|---|
| ပုညာပုည | – | အာနေ့ဥပါ |
| ကာ၊ စိ၊ စိတ္တ | – | သုံးဝတစ်ဖြာ |
| ဘဝညွတ် | – | ဝင်္ဂကမလွတ်ပါ |

## ဝိညာဏ်

| | | |
|---|---|---|
| မိခင်ဝမ်းထဲ | – | ရောက်ဆဲအခါ |
| ဝိညာဏ်တရား | – | ဖြစ်ပြားမှန်စွာ |
| ဝိညာဏ်ပဲ | – | မှတ်မြဲသေချာ |
| ပဋိသန် | – | မှတ်ရန်ဒီအခါ |
| အမိဝမ်းမှ | – | ထွက်မြောက်ပြီးကာ |
| မသေမချင်း | – | ထင်လင်းဖြစ်လာ |
| ဝိညာဏ်ပဝတ္တိ | – | မှတ်သိလေပါ |
| တို့ဘုရား | – | ဟောကြားမိန့်ခဲ့တာ |

## နာမ်ရုပ်

| | | |
|---|---|---|
| နာမ်ရုပ်နှစ်ပါး | – | တရားသဘာဝ |
| ညွတ်လျှင်နာမ်ပဲ | – | ထိစွဲမှတ်ပါ |
| ဖောက်ပြန်တရား | – | မှတ်သားရုပ်ပါ |
| ဖြစ်လျှင်ပျက် | – | မှတ်လျက်နာမ်ရုပ်သာ |
| နာမ်ရုပ်နှစ်ပါး | – | မှတ်သားဥပမာ |
| ရုပ်ကန်းနာမ်ကျိုး | – | မှတ်ရိုးသေချာ |
| နာမ်ရုပ်နှစ်ပါး | – | ပေါင်းပြားသောအခါ |
| ဖြစ်ပေါ်ကြ | – | ရလတ်ဤခန္ဓာ။ |

## သဠာယတန

| | | |
|---|---|---|
| သဠာခြောက်ဝ | – | မှတ်ပသေချာ |
| စက်၊ သော၊ ဃာ၊ ဇ | – | ကာယ၊ မနာ |
| ဒွာရခြောက်ပါး | – | ဖြစ်ပြားမှန်စွာ |
| သံသာထဲ | – | အမြဲသူချဲ့တာ |

http://www.dhammadownload.com



## ဖဿ

| | | |
|---|---|---|
| ဖဿခြောက်ပါး | – | မှတ်ကြသေချာ |
| မြင်တွေ့၊ ကြားတွေ့ | – | နံတွေ့လေရာ |
| စားတွေ့၊ ထိတွေ့ | – | ကြံတွေ့တစ်ဖြာ |
| ဖြစ်ပေါ်လဲ | – | ပျက်မြဲလွန်သေချာ |

## ဝေဒနာ

| | | |
|---|---|---|
| ဖဿခြောက်ပါး | – | ဖြစ်ငြားသောခါ |
| ဝေဒနာခြောက်ပါး | – | ဖြစ်ရသေချာ |
| ချမ်းသာဆင်းရဲ | – | စံမြဲခံကာ |
| လျစ်လျူရှု | – | သုံးခုဝေဒနာ |

## တဏှာ

| | | |
|---|---|---|
| ဝေဒနာခြောက်ပါး | – | ခံစားသောအခါ |
| တဏှာခြောက်ပါး | – | ဖြစ်ငြားသေချာ |
| ကာ၊ ဘ၊ ဝိဘဝ | – | တည်ထမြောက်ခါ |
| တစ်ရာ့ရှစ် | – | ဖြစ်၏ပွားများလာ |

## တဏှာ ၁၀၈ ပါး ပွားလာပုံ

| | | |
|---|---|---|
| တဏှာသုံးပါး | – | တည်ထားမှန်စွာ |
| အာရုံခြောက်ပါး | – | မြောက်ငြားသေချာ |
| တဏှာတရား | – | ဖြစ်ပွားလေတာ |
| တစ်ဆယ့်ရှစ် | – | မှတ်လစ်ထိုအခါ |
| တဏှာဆယ့်ရှစ် | – | တည်လစ်လေပါ |
| ကာလသုံးပါး | – | မြောက်ငြားမှန်စွာ |
| တဏှာတရား | – | တိုးပွားလေတာ |
| ငါးဆယ့်လေး | – | မှတ်တွေးထိုအခါ |

http://www.dhammadownload.com



| | | |
|---|---|---|
| တကျောငါးလေး | – | တည်ရေးပြီးကာ |
| သဏ္ဍာန်နှစ်ပါး | – | မြွောက်ကြားသေချာ |
| တကျောတရား | – | တိုးပွားပြန်သာ |
| တစ်ရာ့ရှစ် | – | ဖြစ်၏ထိုအခါ |

## ဥပါဒါန်

| | | |
|---|---|---|
| လိုချင်လောဘ | – | အားကျလို့သာ |
| ဥပါဒါန်လေး | – | ဖြစ်ရေးသေချာ |
| ကာ၊ ဒိ၊ အတ္တ | – | သီလဗ္ဗတာ |
| စွဲလမ်းကြ | – | လေးဝဥပါဒါ |

## ကာမုပါဒါန် ဒိဋ္ဌုပါဒါန်

| | | |
|---|---|---|
| အာဂုဏ်ငါးဝ | – | စွဲကြသေခါ |
| ကာမုဒါန်ပဲ | – | မှတ်စွဲသေချာ |
| လွှဒါန်းဒါန | – | ပယ်ကြသောအခါ |
| ဒိဋ္ဌိစွဲ | – | ဖြစ်မြဲထိုအခါ |

## သီလဗ္ဗတုပါဒါန်–အတ္တဝါဒုပါဒါန်

| | | |
|---|---|---|
| ခွေး နွား ကျင့်ဖြင့် | – | စင်လင့်သံသရာ |
| ယူပါသော်ကား | – | သီလဗ္ဗတာ |
| ခန္ဓာကိုပဲ | – | ငါစွဲလေတာ |
| သေချာပဲ | – | ဖြစ်မြဲအတ္တဝါ |

## ဘဝ

| | | |
|---|---|---|
| စွဲလမ်းသူများ | – | ပြုကြားသေချာ |

ကာ၊ စိ–စိတ္တ – သုံးဝကမ္မာ
အားထုတ်ကြိုးစား – ပြုကြားသောအခါ
နောက်ဇာတိ – ရရှိကေန့်သာ

## ဇာတိ

ဘဝနှစ်ရပ် – ဆက်စပ်လေတာ
ဇာတိဆင်းရဲ – ဖြစ်မြဲသေချာ
ခန္ဓာဝိပါက် – မပျက်ဖြစ်လာ
ဘဝသစ် – ဖြစ်၏လွန်သေချာ

## ဇရာ၊ မရဏ

အိုခြင်း၊ သေခြင်း – မသွင်းကြိမ်ဖန်
ဖြစ်ကြောင်း ဖြစ်ကျိုး – နှစ်မျိုးဆက်ပြန်
ဿမုဒယနှင့် – ဒုက္ခအမှန်
မြတ်ဘုရား – ဟောကြားမိန့်ဟသံ

## အနုလောမအားဖြင့်လည်ပုံ

အဝိဇ္ဇာစ – ဇရာ မရဏ်
အနုလောမ – လည်ကြကြိမ်ဖန်
ကြောင်းကျိုးမပြတ် – ဆက်စပ်လည်ပြန်
စက်ရဟတ် – ထွက်လတ်ကျိုးသားသန်

## ပဋိလောမအားဖြင့်လည်ပုံ

ဇရာမရဏ – စ၍လည်ပြန်
အဝိဇ္ဇာထိ – ပဋိလောမံ
အားလုံးဒုက္ခ – သိကြလေပြန်
ဖြစ်ပေါ်ကြ – မှတ်ကြဝိဇ္ဇာဉာဏ်

http://www.dhammadownload.com



## အဝိဇ္ဇာချုပ်ရင် အကုန်ချုပ်ပုံ

သစ္စာသိက – ချုပ်ရအဝိဇ္ဇာ
သင်္ခါရလဲ – မလွဲချုပ်မှာ
ဝိညာဏ်နာမ်ရုပ် – စသည်ချုပ်တာ
နိဗ္ဗာန – ဟောပြမြတ်ဗုဒ္ဓာ

## လောကစသည်ဖြစ်ပုံ

အိုခြင်း သေခြင်း – တွေ့လျှင်းသူမှာ
လောကတရား – ဖြစ်ငြားမှန်စွာ
ကိုယ်စိတ်ဆင်းရဲ – ပူမြိပြင်းစွာ
မင်္ဂဖိုလ်(ပ) – ရမှ အေးမည်သာ

## အာသဝဖြစ်ပုံ

ဇရာမရဏ – တွေ့ကြသူမှာ
နှပျိုရှည်ကား – ဖြစ်ငြားတကျာ
ကာမာဘဝ – ဖြစ်ကြလေးဖြာ
မှတ်ပါကြ – လေးဝအာသဝါ။

## အာသဝဖြစ်ပြီး အဝိဇ္ဇာပြန်ဖြစ်ပုံ

အာသဝတရား – ဖြစ်ပွားသူမှာ
မသိပါက – ဖြစ်ရမှန်စွာ
အဝိဇ္ဇာလဲ – ဖြစ်မြဲမှန်စွာ
စက်ရဟတ် – လှည့်ပတ်သူဖြစ်မှာ
စက်ရဟတ်မှ – ထွက်လတ်လိုပါ
အဝိဇ္ဇာပဲ – ရှုမြဲသေချာ
ဖြစ်မှု ပျက်မှု – မြင်မှုသောခါ
ချုပ်ပျောက်မြဲ – မှတ်စွဲအဝိဇ္ဇာ
အဝိဇ္ဇာလဲ – ချုပ်စဲသောအခါ

http://www.dhammadownload.com



| | | |
|---|---|---|
| သန်ါရလဲ | – | ချုပ်မြဲသေချာ |
| သန်ါသုံးဝ | – | ချုပ်ကြသောအခါ |
| ဇာတိသိမ်း | – | အေးငြိမ်းနိဗ္ဗူ တာ။ |

ကျေးရှူးရှင် မိုးကုတ် ဆရာတော် ဘုရားကြီး မိုးကုတ်မြို့၌ ဝါတွင်း သုံးလ တရားဟောပြီး၍ တရားပွဲ သိမ်းသောအခါ ဟောပြော ဆုံးမလေ့ရှိသော....

## လက်ဆောင်ပုဒ်

လက်ရှိခန္ဓာ၊ မတွယ်တာနှင့်၊ နောင်လာဘဝ၊ မတောင်းတဘဲ၊ ကြောင့်ကြစွဲဖြင့်၊ အမြဲမပြတ်၊ ဝိပဿနာ၊ လေ့လာကြိမ်ကြိမ်၊ အာစိဏ္ဏကံ၊ ဖြစ်ကြောင်းဖန်မှု၊ ထိုသည့်သူအား၊ အယူမလွဲ ဂတိမြဲ၏။

မီးစွဲလောင်မှ၊ ရေကိုတသော် မရဖြစ်အင်၊ ပုံနှိုင်းယဉ်၍၊ မဂ္ဂင်သန္ဓေ၊ တည်မြဲနေအောင်၊ မသေခင်က၊ ပြင်ဆင်တောက်လျှောက် မေ့မပျောက်နှင့်။

ချွေးပေါက်ယိုစီး၊ သေခါနီးဝယ်၊ အပြီးမုချ၊ မဂ္ဂင်ရလိမ့်၊ ကိစ္စမလျော်၊ အကြောင်းပေါ်၍၊ မတော်မဆ၊ မင်္ဂမရဦး၊ ဘဝအစွန့် တမလွန်တွင်၊ ထူးချွန်ကဲလောက်၊ နတ်ပြည်ရောက်၍၊ မဖောက်မပြန်၊ သောတာပန်စစ်၊ ကေန်ဖြစ်သည် မလစ်ဝိပဿနာ အကျိုးတည်း။

(တရားအားထုတ်ကာစ ယောဂီသစ်များကို ရည်ရွယ်၍ ရေးသားထားပါသည်။ လိုတာကိုဖြည့်စွက်၊ ပိုတာကို နုတ်ပယ်၍ ကြည့်ရှုတော်မူကြပါကုန်။)

## တိုက်တွန်းချက်

အိုယောဂီအပေါင်း သူတော်ကောင်းတို့၊ ယခုလို သာသနာသုံးရပ် ထွန်းကားနေသော အခါမှာ၊ လူ့ဘဝခေါ်သော ဘဝထူးကို ရရှိလာကြသော အချိန်အခါဝယ်၊ ဘုရားရှင်၏ ဓမ္မအမွေတော်ကို ခံယူနိုင်အောင် ကြိုးစားကြပါမည်။ ဓမ္မအမွေတော် ဆိုတာက မဂ်ဉာဏ် လေးပါး၊ ဖိုလ်ဉာဏ် လေးပါး၊ နိဗ္ဗာန်က တစ်ပါး၊ ပေါင်း လောကုတ္တရာ ကိုးပါးဖြစ်ပါသည်။

လူ့ဘဝကြီးကိုလဲရ၊ သာသနာတော်သုံးရပ်နှင့်လဲ ကြုံပင်ကြုံကြငြားသော်လဲ မှူးမှူးမေ့မေ့၊ ငါးဖြာအာရုံ ကာမဂုဏ် အတွေ့တွေ့နှင့် ပျော်မွေ့ပြီးသာ နေကြမယ် ဆိုရင်တော့ အပါယ်လေးပါး

http://www.dhammadownload.com



ကို ရောက်ကြရတော့မှာ အမှန်ပါပဲ။

အပါယ်လေးပါး ရောက်သွားကြမယ်ဆိုရင် ကြီးကျယ်လှစွာသော၊ ခါးစပ်လှစွာသော၊ ကြမ်းတမ်းလှစွာ သော၊ ဆင်းရဲလှစွာသော ဒုက္ခများကို မချိမဆန့် အော်ကာငင်ကာ တစာစာနှင့် ခံစားကြရမှာ အမှန်ပါပဲ။

သို့အတွက် အပါယ်လေးပါးကို မရောက်ရအောင် ယခုအချိန်က စ၍ ဓမ္မ အမွေကို မရမနေ ကြိုးစားကြရပါမည်။ ဓမ္မအမွေကို အမြန်ရချင်ပါတယ်ဆိုရင်–

၁။ ပဋိစ္စသမုပ္ပါဒ်ကို နားလည်အောင် ကြိုးစားကြရမည်။

၂။ သစ္စာသိအောင် ကြိုးစားကြရမည်။

၃။ ဒိဋ္ဌိပြုတ်အောင် ကြိုးစားကြရပါမည်။

ဤကဲ့သို့ အထက်ပါ အင်္ဂါသုံးချက်နှင့် ညီညွတ်ပါရင် ဓမ္မအမွေကို အမှန်မသွေ ရကြမှာ ကောန်ပါပဲ။

ဓမ္မအမွေကို ရသွားကြမယ်ဆိုရင် အပါယ်လေးပါးဘေးဆိုသော ဘေးဆိုးကြီးမှ လွတ်ကင်းကြရမှာပါ။

အပါယ်ဘေးဆိုးကြီးမှ လွတ်ကင်းရအောင် ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီးက ဘယ်လိုများ အဆုံးအမ ပေးခဲ့ပါသလဲဆိုရင်....

သုံးထွေသာသနာ၊ ကွန်းခိုက်ခါဝယ်၊ သမ္ဘာမြင့်မှောက်၊ ကံကောင်းထောက်၍၊ တစ်ယောက်ထူးလည်း၊ ဖြစ်ပေသည်ဟု၊ အတည်နှလုံး၊ စွဲယူသုံး၍ မြင့်ဆုံးမြင့်လှ ဤဘဝဝယ်....

ဒုက္ခနယ်တွင်း၊ ကျွန်စာရင်းမှ၊ လွတ်ကင်းဖို့ရာ၊ လေးသစ္စာကို၊ ယထာဘူတသိလိုက်လှပြီး။

ခေတ်မှလွဲသွေ၊ ဖြစ်ရချေသော်၊ လေးထွေပါယ်ထဲ၊ နှောင်ကြိုးတဲ၍၊ မြုပ်မြဲမြုပ်အောင်၊ နင့်ကိုဆောင်လိမ့်။

အမှောင်ကိလေ၊ မိုက်ကင်းထွေကို၊ စစ်မြေအလား၊ ခန္ဓာငါး၌၊ သုံးပါးလက္ခဏာ၊ မှတ်တိုင်ထူ၍၊ ငါးဆူဗိုလ်မင်း၊ ဖော်တစ်သင်းနှင့်၊ စစ်ခင်းပြီးသော်၊ အောင်လံဆော်လျက်။

မြို့တော်ဝင်ရန်၊ တိပဋ္ဌာန်ဟု၊ လေးတန်တံခါး၊ ဖွင့်သောအားဖြင့်၊ ရှစ်ပါးမဂ္ဂင်၊ စလွယ်ဆင့်၍။

ပလ္လင်သဖွယ်၊ ဖိုလ်လေးသွယ်၌၊ စံပယ်နိုင်မှ၊ ချမ်းသာငှ၍၊ ဒုက္ခနှင့်မှာ ငြိမ်းလိမ့်သာတည်း။

တဏှာဘုရင်၊ နင့်သခင်၏၊ လိုအင်လိုက်လျော၊ မိုက်သဘောနှင့်၊ မိုက်ဇော‌ရှုတွေ၊ မွန်း၍နေသော်၊ လှိုင်းလေ့ပြင်းပြ၊ ပင်လယ်ဝ၌၊ မျောရမည်မှာ မလွဲရာသည် သစ္စာမြင်မှ

http://www.dhammadownload.com



ထင်မြင်တည်း– ဆိုသော အဆုံးအမတော်ကြီးကိုလဲ ရအောင်ကျက်မှတ်ကြပြီးလျှင် ဒုက္ခနယ်တွင်း၊ ကျွန်စာရင်းမှ၊ လွတ်ကင်းရာအမှန်၊ မြတ်နိဗ္ဗာန်ကို၊ ကေန်မသွေ အမြန်ရောက်နိုင်ကြစေရန်၊ ဝိပဿနာ ဘာဝနာ အလုပ်တော်ကြီးကို အရိုးကြေကြေ အရေ ခန်းခန်း၊ မလျှော့တမ်းဖွဲ့၊ သဒ္ဓါ၊ လုံ့လ ဝီရိယတို့ဖြင့်၊ ကျင့်ကြံကြိုးစား ပွားများ အားထုတ်ကြပါဆိုတာ ကောင်းမြတ်သောစိတ်ထား၊ ကြီးမားသော မေတ္တာ၊ ဖြူစင်သန့်ရှင်းသော စေတနာတို့ဖြင့် တိုက်တွန်းနိုးဆော် လိုက်ရပါကြောင်း....။

ဦးဇနိတာလင်္ကာရ

မိုးကုတ်ဝိပဿနာ
ဇနိတာရာမ ကျောင်းတိုက်
ဆရာစံရပ်ကွက်၊ ဥက္ကလစ်
ရန်ကုန်မြို့။

http://www.dhammadownload.com

## ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာနှင့် ပူးတွဲ၍ ကြည့်ရှုလေ့လာပါ
## ပဋိစ္စသမုပ္ပါဒ် အနုလုံပါဠိ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ
သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ
တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊
ဇာတိပစ္စယာ ဇရာ မရဏံ၊ သောက ပရိဒေဝ၊ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊
ဧဝမေတဿ ကေဝလဿ၊ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ ။

## ပဋိစ္စသမုပ္ပါဒ် ပဋိလုံပါဠိ

အဝိဇ္ဇာယတွေ့ဝအသေသဝိရာဂနိရောဓါ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓါဝိညာဏနိရောဓော၊
ဝိညာဏနိရောဓါနာမရူပနိရောဓော၊ နာမရူပနိရောဓါသဠာယတနိရောဓော၊
သဠာယတနနိရောဓာ၊ ဖဿနိရောဓော၊ ဖဿနိရောဓာဝေဒနာနိရောဓော၊
ဝေဒနာနိရောဓာတဏှာနိရောဓော၊ တဏှာနိရောဓာဥပါဒါန နိရောဓော၊ ဥပါဒါနနိရောဓာ
ဘဝနိရောဓော၊ ဘဝနိရောဓာဇာတိနိရောဓော၊
ဇာတိ နိရောဓာဇရာမရဏသောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာနိရုဇ္ဈန္တိ၊
ဧဝမေတဿကေဝလဿ ဒုက္ခက္ခန္ဓဿနိရောဓောဟောတိ။ ။

http://www.dhammadownload.com